www.burmeseclassic.com



# သတိုးတေဇ

# ပေဖော်ဝါရီတစ္ဆေ

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

- ပုံနှိပ်သူ
  ဦးကျော်ဌေးမင်း (၀၅၉၉၂)
  အောင်သိန်းသန်းပုံနှိပ်တိုက်၊ အမှတ် ၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့
- ထုတ်ဝေသူ
  ဦးအော[illegible] (မြ-၀၄၆၇၆)
  အမှတ်-၁၁၊ အောင်သပြေလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
- ဖြန့်ချိရေး
  ရတနာသိုက်စာပေတိုက်
  အမှတ်-၁၄၂(ပထမထပ်)၊ ၄၇လမ်း(အထက်)၊
  ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
  ဖုန်း-၀၁-၂၀၀၆၉၉၊ ၀၉ ၅၅၀ ၆၁၃၈၊ ၀၉ ၅၁ ၉၆၁၂၃

- မျက်နှာဖုံးဒီဇိုင်း
  အောင်မိုး
- ကွန်ပျူတာ
  ဝေယံထက်
- ဖလင်
  Empire
- စာအုပ်ချုပ်
  ကိုတင်အေး(လှိုင်)
- ပုံနှိပ်ခြင်း
  ၂၀၁၄၊ ဇူလိုင်လ၊
- အုပ်ရေ
  ၁၀၀၀
- တန်ဖိုး
  ၂၀၀၀ ကျပ်

၈၉၅.၈၃

သတိုးဝေသီ၊ စာရေးဆရာ
ဝေဒေါ်ပါဠိတခွဲ
သတိုးဝေသီ။ ရန်ကုန်၊
ရတနာသိုက် စာပေ၊ ၂၀၁၄
စာ - ၁၃၂၊ ၁၂.၅ × ၂၀ စင်တီမီတာ
ဝေဒေါ်ပါဠိတခွဲ

www.burmeseclassic.com






အခန်း (၁)

လသည် ကွေးကွေးလေးသာနေ၏။

ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းအေးခဲလျက် အပ်ကျသံပင် မကြားရအောင် တိတ်ဆိတ်ငြိမ်သက်နေသည်။ ဆောင်းရာသီ၏လေပြည်ကြောင့် လရောင်အောက်တွင် လှုပ်ရှားယိမ်းထိုးနေသည့် အုန်းလက်များက တစ္ဆေတစ်ကောင်၏ လက်တံတွေလို ရှည်လျားလွန်း၏။

ထိုအုန်းလက်တံများက တစ်ချက်တစ်ချက် ဒဲမ်ခေါင်စွန်းနှင့် ထိခတ်ပြီး တရှဲရှဲမြည်နေတော့သည်။ လရောင်မှုန်မှုန်မွှားမွှားတွင် ပုလဲ Villa အိမ်ကြီးကား မကောင်းဆိုးဝါးတစ်ကောင် ငုတ်တုတ်ထိုင်နေသလို မားမားကြီးရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



လူမနေသည်မှာ ကြာမြင့်ပြီဖြစ်သဖြင့် အိမ်နံရံတစ်လျှောက် ရေညှိများနှင့် မည်းပြာနေသည်။ ခြံကြီးတစ်ခြံလုံးတွင်လည်း အလေ့ကျ ပေါက်သည့်အပင်ငယ်များနှင့် မြက်ရိုင်းများက ထိုးထိုးထောင်ထောင် နှင့် အရုပ်ဆိုးအကျည်းတန်လွန်းသည်။ အိမ်ခေါင်မိုးပေါ်သို့ တစ်ပေါက် ပေါက်ကျနေသော နှင်းစက်နှင်းပေါက်များ၏အသံက တိတ်ဆိတ်သော ညတွင် ချောက်ချားစရာ ကောင်းလွန်းလှသည်။

ဟိုးခပ်ဝေးဝေးမှ ညည့်ငှက်တစ်အုပ် အော်မြည်ကာ ပျံသန်း သွားသည်။

ညသည် တစ်စတစ်စ အေးစက်မှောင်မည်းလာ၏။

ထိုစဉ် လူတစ်ယောက်က အမှောင်ထုကို လက်နှိပ်ဓာတ်မီး တစ်လက် အားကိုးပြီး လျှောက်လာနေသည်။

ထိုသူကား ကင်းသမား ကိုတာတီးပင်။

ကိုတာတီးက စောင်ပါးတစ်ထည်ကို လွှမ်းကာ ဆောင်းရာသီ ၏ အအေးဓာတ်ကို အံတုရင်း သူ့တာဝန်အတိုင်း ကင်းလှည့်လာသည်။ ချမ်းလွန်းသဖြင့် သူ့မေးများက တဆတ်ဆတ်တုန်နေသည်။

သူ လမ်းလျှောက်လိုက်တိုင်း လေအေးများက သူ့မျက်နှာသို့ ဝင်တိုးသည်။ သူ တုန်တက်သွား၏။ ကိုတာတီးက လက်ထဲတွင် လက်နှိပ် ဓာတ်မီးတစ်လက်ကို အသေဆုပ်ကိုင်ပြီး ဘေးပတ်ဝန်းကျင်ကို ကင်း ထောက်သည်။

ဘာထူးခြားမှုမှမရှိ။ ပကတိ တိတ်ဆိတ်ငြိမ်သက်နေ၏။

ကိုတာတီးက ကျေနပ်စွာ ရှေ့ဆက်သွားသည်။ ထိုစဉ် လက်နှိပ် ဓာတ်မီးအလင်းရောင်တန်းအောက်တွင် ဖားပြုတ်တစ်ကောင်ကို





တွေ့သဖြင့် နင်းမိခါနီးမှ သူက ကမန်းကတန်း ခုန်ကျော်ရှောင်လိုက် ရသည်။

ခုန်ကျော်လိုက်သည့်အရှိန်ကြောင့် လက်နှိပ်ဓာတ်မီးက သူ၏ ညာဘက်တွင်ရှိသော ပုလဲ Villa စံအိမ်ကြီး၏ ခြံတံခါးကို ထိုးမိ လျက်သား ဖြစ်သွားသည်။

အိမ်ကြီး၏ ခြံတံခါးက အနည်းငယ် ပွင့်နေသည်ကို သူ တွေ့လိုက်ရသည်။

"ဟင် ‥ ငါ မနေ့က ကြည့်တာ ဒီတံခါးက သော့ခတ်ပြီး ပိတ်ထားတာပါ။ ဘယ်လိုဖြစ်တာပါလိမ့်။ ငါများ အကြည့် မှားတာများလား"

ဇဝေဇဝါအတွေးများနှင့် အိမ်ကြီးဆီသို့သွားဖို့ ခြေလှမ်းပြင် လိုက်စဉ်မှာပင် …

"အူဝဲ … အူဝဲ"

"ဟင် ‥"

ညဉ့်နက်သန်းခေါင်တွင် ကလေးတစ်ယောက်၏ ရှူးရှူးဝါးဝါး အော်ငိုသံကြောင့် ကိုတာတီးတစ်ယောက် ခြေလှမ်းတုံ့ခနဲ ရပ်သွားမိ သည်။ ဘေးဘီဝဲယာကို နားစွင့်ကြည့်လိုက်သောအခါ ထိုအသံသည် ပုလဲ Villa အိမ်ကြီးထဲမှလာသည်ကို သတိထားလိုက်မိသည်။

ကိုတာတီးက ခြေလှမ်းခပ်ဆဆလှမ်းကာ အိမ်ကြီးဆီသို့ ချဉ်းကပ်သွားသည်။

သူ့လက်များက ခြံတံခါးကို တိုးဖွင့်ဖို့ ပြင်လိုက်စဉ်မှာပင် ‥

"ဝုန်း ‥ ဝုန်း ‥"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ်လေးဗျ"

အိမ်ကြီးထဲမှ ပြေးထွက်လာသော ကြောင်နက်တစ်ကောင်က ကိုတာတီး၏ ခြေထောက်ကို တိုးဝှေ့ပြီး ထွက်သွားသည်။ ကိုတာတီး သက်ပြင်းချလိုက်သည်။

"သြော် .. ဘာများလဲလို့ ကြောင်တွေပဲ .. ဟူး .. ငါနှယ်"

ကိုတာတီးက တံခါးကို အသာလေးတွန်းဖွင့်ကာ ခြံထဲသို့ လျှောက်သွားလိုက်သည်။ အိမ်ခေါင်းရင်းဘက်သို့သွားကာ ဓာတ်မီးဖြင့် ဟိုဒီ ထိုးကြည့်သည်။ ဘာထူးခြားမှုမှ မရှိ။ ထို့နောက် အိမ်ခြေရင်းဘက်သို့ သွားပြီး စစ်ဆေးသည်။ ပကတိ မှောင်မည်းတိတ်ဆိတ်နေသည်။

"ဘာမှလည်း မရှိပါဘူး"

တစ်ကိုယ်တည်း ခပ်တိုးတိုးပြောကာ လှည့်ထွက်မည်အပြုတွင် ခြံ၏ ညာဘက်ပန်းပင်တွေကြားထဲတွင် လူတစ်ယောက်ရပ်နေသည်ကို မျက်လုံးထောင့်စွန်းမှ ရိပ်ခနဲ မြင်လိုက်ရသည်။

ကိုတာတီး ဆတ်ခနဲလှည့်ကြည့်ပြီး ဓာတ်မီးနှင့်ထိုးလိုက်သည်။ မည်သူမှ မရှိ။ ကိုတာတီး ဇဝေဇဝါဖြစ်သွားသည်။ ရှေ့သို့ ဆက်လျှောက်သွားသည်။

ထိုစဉ် သူ့ကျောဘက်ဆီမှ တစ်စုံတစ်ယောက် လက်နှင့်ပုတ်လိုက်သလို ခံစားလိုက်ရ၏။ ကိုတာတီး အနည်းငယ်လန့်သွားသည်။ ထို့နောက် အားတင်းကာ လှည့်ကြည့်လိုက်စဉ် သူနှင့် ၅ ပေအကွာခန့် လက်နှိပ်ဓာတ်မီးအရောင်ထဲတွင် လူတစ်ယောက်က သူ့ကို ကျောခိုင်းကာ မတ်တတ်ရပ်နေသည်ကို တွေ့လိုက်ရသည်။

"ဟေ့ကောင် .. မင်း ဘယ်သူလဲ .."





"                "

"ဟေ့ကောင် .. ဖြေလေကွာ .. မင်းကို ဘယ်သူလဲလို့ မေးနေတယ်လေကွာ"

ဘာမှပြန်ဖြေသံမကြားရ။ ကိုတာတီး သတိထားပြီး ရှေ့သို့ အနည်းငယ်တိုးသွားသည်။

"ဟေ့ကောင် .. မင်းက သူခိုးလားကွ"

ထိုလူသည် ဘာမှမပြောဘဲ ရပ်မြဲရပ်နေ၏။ ထိုအချိန်တွင်

"အူဝူး .. ဝူး ..."

ခွေးတစ်ကောင်က ဆွဲဆွဲငင်ငင် အူလိုက်သည်။ ကိုတာတီး ကျောထဲ စိမ့်တက်သွားသည်။ လက်ထဲမှဓာတ်မီးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း ရှေ့သို့ဆက်တိုးသွားသည်။

"ဟေ့ကောင် .. ဖြေ .. ဖြေလေကွာ .. မင်းဘယ်သူလဲ။ ဘာ .. ဘာလို့ .. ဒီခြံထဲ ရောက်နေရတာလဲ"

ကိုတာတီးက ကတုန်ကယင်မေးနေစဉ်မှာပင် ထိုလူက ကိုတာတီးကို ကျောခိုင်းလျက်သားနှင့်ပင် ခန္ဓာကိုယ်မလှည့်ဘဲ ဦးခေါင်းသည် လည်ပင်းနေရာမှစကာ ဆုံလည်ကုလားထိုင်တစ်လုံးလို ပတ်ပတ်လည်လှည့်လာလေတော့သည်။

"ဂလောက် .. ဂွျတ် .. ဂလောက်"

"ဟာ .."

ကိုတာတီး မျက်လုံးအပြူးသားနှင့် ကြက်သေသေသွားသည်။ လက်ထဲမှ လက်နှိပ်ဓာတ်မီးကိုပင် နေရာမရွှေ့မိဘဲ ထိုလူ၏မျက်နှာဆီသို့ တည့်တည့်ထိုးမိလျက်သား ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နေရာမှာတင် ကိုတာတီး တော့်တောင့်ကြီးကြောင်ငေးကြည့်နေမိ၏။

သူတွေ့လိုက်ရသည်ကား မျက်နှာဖြူဖတ်ဖတ်နှင့်လူတစ်ယောက်။ ထိုလူ၏မျက်လုံးများသည် တစ်စုံတစ်ခုအပေါ် မကျေနပ်သည့်အရိပ်များနှင့် ပေါက်ထွက်တော့မတတ် နီရဲနေသည်။

သွေးပျက်မတတ် ကြောက်လန့်သွားသည့် ကိုတာတီးက သတိပြန်ဝင်လာချိန်တွင် လက်ထဲမှ ဓာတ်မီးကို လွှတ်ချကာ ခြံပြင်သို့ ပြေးထွက်လိုက်၏။

"အံမယ်လေး . . ကယ်ကြပါဦးဗျ . . သရဲ . . သရဲ . . ကယ်ကြပါဦး"

သူ နောက်ဆုံးမြင်လိုက်ရသည်ကား မျက်နှာကြီး ကျောဘက် ရောက်နေသည့် လူတစ်ယောက်။

■





အခန်း (၂)

နောက် ၂ လခန့်အကြာတွင် ဟန်မားကားဝါကြီးတစ်စီး ပုလဲ villa အိမ်ကြီးရှေ့သို့ ထိုးဆိုက်လာသည်။ ကားပေါ်မှ အသက် ၄၀ ကျော်အရွယ် ဖြူဖြူခန့်ခန့်လူတစ်ယောက် ဆင်းလာ၏။ သူသည် ဦးမိုးမြင့်ဆိုသော ရှေးဟောင်းကုန်သည်တစ်ယောက်ပင်။

ဦးမိုးမြင့်သည် မော်လမြိုင်ဇာတိဖြစ်ပြီး ရှေးဟောင်းပစ္စည်းအရောင်းအဝယ်လုပ်ရင်း အသက်မွေးသည်။ ရန်ကုန်ရှိ သူ့ရုံးခန်းလေးထဲမှာပင် အလုပ်လုပ်ရင်း သူတစ်ယောက်တည်း နေသည်။ သမီးဖြစ်သူကိုတော့ ဦးမိုးမြင့်၏အစ်မ အဒေါ်အပျိုကြီးက စောင့်ရှောက်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယခု သမီးဖြစ်သူ နန္ဒာမိုးမြင့်ကို သူနှင့်အတူ ရန်ကုန်မှာ ခေါ်ထားချင်သဖြင့် ဦးမိုးမြင့် အိမ်ဝယ်ဖို့ ဆုံးဖြတ်ရတော့သည်။ ပွဲစားမှတစ်ဆင့် လိုက်ကြည့်ခဲ့သည့်အိမ်တွေလည်း များပြီ။

တစ်အိမ်မှလည်း စိတ်တိုင်းမကျဖြစ်နေသည်။ သူလိုချင်သည့်ဈေးနှင့် အိမ်က အဆမတန် ကွာဟနေသည်။ တချို့အိမ်တွေကျတော့လည်း ပတ်ဝန်းကျင်အခြေအနေကို သဘောမကျသဖြင့် အရောင်းအဝယ်မဖြစ်ခဲ့ပေ။

ယခု သူက အလောတကြီးတိုက်တွန်းမှ ပွဲစားက သရဲခြောက်သည်ဟု နာမည်ကြီးသည့် အိမ်တစ်အိမ်တော့ ရှိတယ်ဟု ပြောသဖြင့် လိုက်ကြည့်ခဲ့ခြင်းဖြစ်သည်။

ခြံရှေ့ရောက်တော့ ပွဲစားက ခြံတံခါးသော့ကို ဖွင့်ကာ အထဲသို့ ဝင်လိုက်ကြသည်။ အတူလမ်းလျှောက်ဝင်လာကြရင်း ..

"အိမ်ကတော့ ဒီအိမ်ပဲဆရာ၊ အမြင်ကတော့ မဆိုးပါဘူး"

ဦးမိုးမြင့်က ခြံထဲကို တစ်ချက်မျက်လုံးဝေ့ကြည့်ရင်း ပြုံးစစနှင့် ..

"အမြင်က မဆိုးဘူးဆိုတော့ ဘာက ဆိုးလို့လဲကွ။ မင်းကလည်း .. ဟား .. ဟား .."

ဦးမိုးမြင့်အပြောကြောင့် ပွဲစားက မျက်လုံးအနည်းငယ်ပြူးသွားပြီး ..

"ဟာ .. ဆရာသမားကတော့ လုပ်တော့မယ်။ ဒီအိမ်က နာမည်ကြီးဗျ။ ကျွန်တော်က ပွဲစားဆိုပေမဲ့ ဒီလိုအိမ်မျိုးကိုတော့ လက်ရှောင်တယ်ဆရာရေ .."





"ငါက အဲဒါတွေကို အယုံအကြည်မရှိပါဘူးကွာ။ ကဲ .. လာ အိမ်ထဲ တစ်ချက်လောက်ကြည့်ရအောင်"

ပွဲစားက အိမ်တံခါးမကြီးနားသို့ ဖြည်းဖြည်းလေးတိုးကပ်သွားသည်။ သူ့မျက်လုံးများက တစ်စုံတစ်ရာကို စိုးရွံ့ထိတ်လန့်နေသလို ဂနာမငြိမ်ဖြစ်နေ၏။

သော့ဖွင့်သည့်လက်များက တဆတ်ဆတ်တုန်ရင်း သော့တံနှင့် သော့ပေါက်က မချိတ်မိဘဲ ဘေးဘက်သို့ ချော်ချော်ထွက်သွားသည်။

ဘေးမှကြည့်နေသော ဦးမိုးမြင့်က စိတ်မရှည်ဟန်နှင့် ..

"ပေးစမ်းကွာ .. ဒါလေးဖွင့်တာများ .. မင်းက ဘာဖြစ်နေတာတုန်း"

ပြောရင်း သော့တံကို သော့ခလောက်ထဲထိုးပြီး လှည့်ဖွင့်ကြည့်လိုက်သည်။

"ဂလောက်"

သော့ပွင့်သွားသံနှင့်အတူ တံခါးမကြီးကို တွန်းဖွင့်လိုက်သည်။

"ကျွီ .. ကျွီ .."

မဖွင့်တာကြာပြီမို့ တံခါးက ကျပ်နေပြီး အသံမြည်သွားသည်။ ဦးမိုးမြင့်က ရှေ့မှ သွက်လက်စွာ ဝင်သွားပြီး ပွဲစားက အနောက်မှ တွန့်ဆုတ်တွန့်ဆုတ်နှင့် လိုက်လာသည်။

"ဆရာ .. ကြည့်ချင်တယ်ဆိုလို့သာ လာရတာ။ ကျောထဲတော့ နည်းနည်းစိမ့်တယ်ဗျ"

ဦးမိုးမြင့်က ပွဲစားအပြောကို အရေးမလုပ်ဘဲ အိမ်ထဲသို့ လျှောက်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com


"အိမ်ထဲမှာလည်း အကျယ်ကြီးပဲကွ။ မင်းပြောတဲ့ဈေးနဲ့ဆို တော်တော်တန်တယ်"

ပွဲစားက..

"ဟုတ်တယ်ဆရာ။ တန်တာတော့ တော်တော်တန်တယ်။ ကျွန်တော်တို့ကုမ္ပဏီကို အပ်ထားတာ ၂ နှစ်လောက်ကြာနေပြီ၊ ရောင်းမထွက်တာနဲ့ တဖြည်းဖြည်းဈေးလျှော့လာလိုက်တာ အခု ဆရာ့ကိုပြောတဲ့ဈေး ဖြစ်သွားတာပဲ"

ဦးမိုးမြင့်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း အပေါ်ထပ်သို့ လှေကားအတိုင်း တက်သွားသည်။ အပေါ်ထပ်သို့ရောက်သောအခါ အသစ်အတိုင်းရှိနေသော ပရိဘောဂများကိုကြည့်ရင်း..

"ဟာ.. အားလုံးက အကောင်းတွေချည်းပဲကွ။ ဘာတစ်ခုမှ ပြင်စရာမလိုဘူး။ နေမယ်ဆို လက်တင်နေရုံပဲ။ ငါတော့ တော်တော်သဘောကျနေပြီကွာ"

"ဟုတ်တယ်ဆရာ... အရင်ကလည်း ဒီအိမ်မှာက တစ်ယောက်တည်း နေသွားတာဆိုတော့ ပစ္စည်းတွေက ဘာတစ်ခုမှ အပျက်အစီးမရှိဘူးပေါ့၊ ခြံအပြင်ဘက်က ကြည့်ရင်သာ ဒီအိမ်က အဟောင်းကြီးထင်ရပေမဲ့ တကယ်တော့ အထဲကပစ္စည်းတွေက အားလုံး အကောင်းတွေချည်းပဲ"

ဦးမိုးမြင့်က..

"မဆိုးဘူး.. မဆိုးဘူး။ ဒီဈေးနဲ့ဆို တော်တော်တန်နေပြီ။ ဒီလိုလုပ်ကွာ။ ငါဘယ်တော့ စရန်ချရမလဲ။ စာချုပ်သာ တစ်ခါတည်း ပြင်ထားလိုက်တော့။ ဒီအိမ်ကို ငါဝယ်မယ်"

ဦးမိုးမြင့်စကားကြောင့် ပွဲစားက အံ့သြသွားရင်း..

"စဉ်း.. စဉ်းစားပါဦး ဆရာသမားရယ်။ တခြားအိမ်တွေ ရှိပါသေးတယ်"

"ရှိတော့ ရှိတာပေါ့။ ဒီဈေးနဲ့ ဘယ်ရမလဲကွ။ တော်ပြီ ငါ ဆုံးဖြတ်လိုက်ပြီ။ ဒီအိမ်ပဲ ငါဝယ်တော့မယ်။ မော်လမြိုင်က သမီးကိုလည်း ပြန်ခေါ်ရဦးမှာကွ။ ဟိုမှ သူ့ကြီးတော်နဲ့ ထားခဲ့ရတာ"

"ဆရာ.. ဒီအိမ်က.. ဟို.. ဟို.."

ပွဲစား၏ ကြောက်ကြောက်လန့်လန့်အမူအရာကြောင့် ဦးမိုးမြင့်က သရဲတစ္ဆေကို အယုံအကြည်မရှိသူပီပီ စိတ်ပျက်စွာ 'ကျွတ်ခနဲ' စုတ်သပ်လိုက်ပြီး..

"ကဲ.. တော်ပါတော့ကွာ။ လာ.. သွားရအောင်"

■



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြင့် ခြောက်သွေ့တိတ်ဆိတ်နေသော ထိုအိမ်ကြီးသို့ ဦးမိုးမြင့်၊ နန္ဒာမိုးမြင့်နှင့် ကြီးကြီးသန်းတို့ ၃ ယောက် ပြောင်းရွှေ့လာကြတော့သည်။

ဘေးပတ်ဝန်းကျင်က ဦးမိုးမြင့်တို့မိသားစုကို ထူးဆန်းအံ့သြဖွယ် သတ္တဝါတွေလို ဝိုင်းကြည့်ကြသည်၊ တချို့ကလည်း မျက်လုံးအပြူးသား၊ တချို့ကလည်း လက်ကို ရင်ဘတ်ပေါ်ဖိပြီး ဘုရားစာရွတ်တဲ့လူက ရွတ်နှင့် အံ့သြကုန်ကြသည်။

နန္ဒာမိုးမြင့်နှင့် ကြီးကြီးသန်းတို့ တူဝရီးကတော့ ပတ်ဝန်းကျင်ကိုပင် သတိမထားမိဘဲ အိမ်အကြီးကြီးနှင့် နေရတော့မည်မို့ ပျော်နေကြသည်။

ပစ္စည်းများကို နေရာချနေစဉ် နန္ဒာလေးမှာ ပျော်လွန်းသဖြင့် ခြံထဲကနေ အိမ်ထဲပြေးဝင်၊ အိမ်ထဲကနေ ခြံထဲ ပြန်ထွက်နှင့် ပျော်နေရှာသည်။ ငယ်ငယ်ကတည်းက မိတဆိုးလေးမို့ ကြီးကြီးသန်းက လိုလေသေးမရှိအောင် ဂရုစိုက်သည်။

အဖေဖြစ်သူ ဦးမိုးမြင့်ကလည်း သူ့အလုပ်ကိစ္စတွေနှင့် ရှုပ်နေသည့်လူမို့ နန္ဒာလေးကို အချိန်ပြည့် ဂရုမစိုက်အားတာကြောင့် အဒေါ်ဖြစ်သူ ကြီးကြီးသန်းကပဲ အချစ်ပိုနေခဲ့ရတော့သည်။

ယခုလည်း သမီးလေးပျော်နေတာကို ကြည့်ရင်း ဦးမိုးမြင့်တို့ မောင်နှမနှစ်ယောက် ကျေနပ်နေကြ၏။





"ဖေဖေ ‥ သမီးက ဒီအိမ်ကြီးရဲ့ အကျယ်ဆုံးအခန်းကို ယူမှာနော်"

"ယူပါကွာ ‥ ယူပါ ‥ သမီး ကြိုက်တာယူ၊ ဟုတ်ပြီလား"

နန္ဒာက ကလေးငယ်လေးတစ်ယောက်လို ကျေနပ်သွားဟန်နှင့် ခေါင်းညိတ်ပြလိုက်သည်။ ထိုစဉ် ကြီးကြီးသန်းက အိတ်တစ်လုံးသယ်ကာ အိမ်ထဲသို့ ဝင်လာသည်။

ဦးမိုးမြင့်က ‥

"အစ်မ ‥ ထားလိုက်လေ။ ပြီးရင် အေးမာကို သယ်ခိုင်းလိုက်မယ်"

"ရပါတယ်ဟယ်။ ငါ့အိတ်က ပေါ့ပေါ့လေးရယ်။ ပါလာတဲ့ အဝတ်အစားကဖြင့် ၃၊ ၄ ရက်စာပဲ ဥစ္စာ"

"ဟုတ်ပါပြီ အစ်မရယ်။ အစ်မအိတ်ကြီးကို အဲဒီမှာပဲ ချထားလိုက်တော့။ လာ ‥ ဒီမှာထိုင်ပြီး ခဏနားဦး"

ဦးမိုးမြင့်ကပြောရင်း သမီးဖြစ်သူအား ဖက်ကာ ဧည့်ခန်းတွင် ဝင်ထိုင်လိုက်သည်။ ထို့နောက် ကြီးကြီးသန်းကလည်း ဝင်ထိုင်လိုက်၏။

ဦးမိုးမြင့်က ‥

"သမီး ‥ သမီးလေးက ဒီအိမ်ကြီးကို ကြိုက်ရဲ့လား"

"အရမ်း ‥ အရမ်းကြိုက်တယ် ဟီး ‥ ဟီး ‥"

နန္ဒာကပြောရင်း ကလေးတစ်ယောက်လို အူမြူးစွာ ရယ်လိုက်၏။ ထိုစဉ် နန္ဒာ့အတွက် လက်တိုလက်တောင်းခိုင်းရန် ခေါ်ထားသည့် အိမ်ဖော်မလေးအေးမာက ပစ္စည်းများသယ်ကာ ဝင်လာသည်။ ဦးမိုးမြင့်ကို ကြည့်ရင်း ‥‥



www.burmeseclassic.com

www.burmeseclassic.com

"ဆရာ ‥ မမလေးအိတ်တွေကို အပေါ်ထပ်ကိုပဲ ပို့လိုက်မယ်နော်"

"ဩော် ‥ အေး ‥ အေး"

အေးမာက အပေါ်ထပ်သို့ တက်ဖို့ပြင်လိုက်စဉ် နန္ဒာက ‥

"ဖေဖေ ‥ သမီးလည်း အေးမာနဲ့ အပေါ်ထပ်ကို တက်လိုက်ဦးမယ် သိလား"

ဦးမိုးမြင့် ခေါင်းညိတ်မပြခင်မှာပင် နန္ဒာက လှေကားဆီသို့ ပြေးတက်သွားသည်။ ကြီးကြီးသန်းက နန္ဒာကို လိုက်ကြည့်ရင်း မသိမသာ သက်ပြင်းမှုတ်ချလိုက်၏။ ထို့နောက် ဦးမိုးမြင့်ဘက်လှည့်ပြီး ‥

"ကဲ ‥ သားအဖတွေ ရန်ကုန်တော့ ပြောင်းလာကြပြီ၊ အစ်မလည်း အရင်လို တူမလေးကို မျက်စိအောက်မှာ မထားနိုင်တော့ဘူး။ ဒီတော့ ငါ့မောင် ‥ နန္ဒာလေးကို ဂရုစိုက်နော်။ သမီးလေးခမျာ စိတ်က ပုံမှန်မဟုတ်ရှာဘူး။ အဲဒါ မင်းရင်အုပ်မကွာစောင့်ရှောက်မှဖြစ်မယ်။ အစ်မက မော်လမြိုင်မှာ အလုပ်တွေရှိသေးတယ်၊ ဒီတော့ သွားလိုက်ပြန်လိုက်ပဲ နေလို့ရမှာ။ အစ်မပြောတာ နားလည်တယ်နော် မောင်လေး"

အစ်မဖြစ်သူအပြောကြောင့် ဦးမိုးမြင့် မှိုင်ကျသွားသည်။ တကယ်တော့ သူ့သမီးနန္ဒာမိုးမြင့်က သူ့မအမေဆုံးပြီးကတည်းက စိတ်သိပ်မမှန်ချင်တော့။ သူ့မအမေက တစ်နေ့ကျရင် ပြန်လာလိမ့်မယ်ဟု စွဲလမ်းနေသူလေးဖြစ်သည်။ ထိုအကြောင်းများကို ဦးမိုးမြင့်တစ်ယောက် ဖြစ်နိုင်မယ်ဆိုလျှင် မေ့ပစ်ထားချင်ပေမဲ့ ယခု အစ်မဖြစ်သူ၏ စကားကြောင့် သက်ပြင်းမှုတ်ချလိုက်ပြီး ‥





"ဟုတ်ကဲ့ပါ အစ်မရယ်။ ကျွန်တော့်သမီးလေးပဲဗျာ။ ကျွန်တော် ဂရုစိုက်မှာပေါ့"

"ဂရုစိုက်တာတော့ သိပါတယ် ငါ့မောင်ရယ်။ မင်းက တော်ကြာ အလုပ်ကိစ္စနဲ့ ခရီးတွေ ဘာတွေ ရက်ရှည်ထွက်နေမှာစိုးလို့ သတိပေးရတာပါ"

"စိတ်မပူပါနဲ့ဗျာ။ သမီးလေးဟာ ကျွန်တော့်အသည်းနှလုံးပါ။ သူ့အမေဆုံးပြီးကတည်းက သမီးလေးအပေါ် လိုတာထက်ပိုပြီး စောင့်ရှောက်ခဲ့တာပါ။ ကျွန်တော့်ကြောင့် သမီးလေး ဘာမှထပ်မဖြစ်စေရဘူး။ ကျွန်တော် ကတိပေးပါတယ်"

ကြီးကြီးသန်းက မောင်ဖြစ်သူ၏ ဆွေးဆွေးမြည့်မြည့်ပြောနေသော မျက်နှာလေးကို ကြည့်ရင်း သက်ပြင်းမှုမှု ရှိုက်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်လွင်တောက်ပပြီး ချစ်စရာကောင်းသည့် ခုတင်လေး၏ ဘေးမှ မှန်တင်ခုံရှေ့တွင် နန္ဒာမိုးမြင့်က ငူငူလေးထိုင်နေသည်။

တစ်ခါတစ်ရံတွင် သူမစိတ်များ ပေါ့ပါးလန်းဆန်းနေသလောက် တစ်ခါတစ်ရံ ဘာကြောင့် နောက်ကျိုမှိုင်တွေနေရတာလဲဟု စဉ်းစားနေမိသည်။ ယခုလည်း စိတ်တစ်ခုလုံး တင်းကျပ်ကာ တစ်စုံတစ်ခုကို ပေါက်ကွဲပစ်ချင်စိတ်တွေ တဖွားဖွားပေါ်နေ၏။

သူမက မျက်လုံးအကြောင်များနှင့် မှန်တင်ခုံပေါ်မှ အလှပြင်ပစ္စည်းများကို အဓိပ္ပာယ်မရှိ စူးစိုက်ကြည့်နေမိသည်။

ငါ့မှာ ဖေဖေရှိတယ်။ ကြီးကြီးရှိတယ်။ ဒါဆို ဘာကြောင့် တစ်ယောက်တည်း အထီးကျန်နေသလို ခံစားရတာလဲ။

နန္ဒာမိုးမြင့် သက်ပြင်းချလိုက်သည်။

"ငါ့မှာ မေမေမှ မရှိတာ။ မေမေမှ ပြန်မလာသေးတာ"

ဟု တိုးတိုးဖွဖွလေး ပြောလိုက်ရင်း လည်ပင်းတွင်ဆွဲထားသည့် သူမ၏မေမေပေးထားသော ကမ္ဘာလုံးပုံစံ လော့ကတ်လေးတပ်ထားသည့် ဆွဲကြိုးလေးကို ပွတ်သပ်ကြည့်နေမိသည်။

နန္ဒာက သူမဆံပင်တွေကြားထဲ လက်ထိုးကာ မှန်တင်ခုံပေါ်သို့ လက်ထောက်ချလိုက်သည်။

"ဟူး . . တော်ပြီ။ အဲဒါတွေ မတွေးတော့ဘူး။ မတွေးတာပဲ ကောင်းတယ်။ အလှပဲ ပြင်တော့မယ်။ ဒါမှ မေမေပြန်လာရင် လှလှလေး ကြိုလို့ရမှာ"

နန္ဒာက တစ်ကိုယ်တည်းပြောရင်း မှန်ကို ကြည့်ကာ 'ဟီး' ခနဲ ရယ်ချလိုက်ပြန်သည်။ ထို့နောက် အလှပြင်ပစ္စည်းများကို တစ်ခုစီ





ယူကာ သူမမျက်နှာကို စပြီး လိမ်းခြယ်တော့၏။

တဖြည်းဖြည်းနှင့် မှန်ထဲတွင် နန္ဒာ၏ ချစ်စဖွယ်မျက်နှာလေး တစ်ခု ပေါ်လာတော့သည်။ နန္ဒာက အပြီးသတ်မျက်ခုံးမွေးဆွဲတံလေးကို ယူကာ မျက်ခုံးလေးကို ညှိလိုက်၏။ ထို့နောက် ထိုခဲတံလေးကို မှန်တင်ခုံပေါ် ပြန်တင်လိုက်သည်။

သို့သော် နေရာလွဲပြီး ခဲတံလေးက ကြမ်းပြင်ပေါ်သို့ 'ထောက်ခနဲ' ပြုတ်ကျပြီး လိမ့်သွားတော့သည်။

ထိုစဉ် ဗီရိုနောက်ကွယ်ရှိ အမှောင်ထဲမှ သွေးမရှိသလို ဖြူဆွတ်နေသည့် လက်တစ်ဖက်က ထိုလိမ့်သွားသောခဲတံလေးကို နန္ဒာ့ ခြေထောက်နားသို့ ပြန်လှိမ့်ပေးလိုက်၏။ နန္ဒာ သတိမထားမိ။

နောက်ဆုံးအပြီးသတ် နှုတ်ခမ်းဆေးဆိုးပြီးသည့်နောက် အလှပြင်ပစ္စည်းများကို သူ့နေရာနှင့်သူ စီစီရီရီ ပြန်ထားမည်အပြုတွင် မျက်ခုံးမွေးဆွဲခဲတံလေး ပျောက်နေသည်ကို သတိထားမိသည်။

"ဟင် . . ဘယ်ရောက်သွားတာလဲ။ စောစောကလေးတင် ငါ ဆွဲနေသေးတာပဲ"

နန္ဒာက တစ်ကိုယ်တည်းပြောရင်း ဘေးဘယ်ညာကို ကြည့်လိုက်သည်။ သူမ ခြေထောက်နားကြမ်းပြင်ကို ကြည့်မိတော့မှ . .

"ဩော် . . အောက်ပြုတ်ကျနေတာကိုး"

နန္ဒာက ကောက်ယူလိုက်သည်။ ထို့နောက် မှန်တင်ခုံပေါ် သူ့နေရာနှင့်သူ ပြန်ထားပြီး အခန်းထဲမှ ထွက်သွားတော့သည်။ သူမ နောက်တွင် ကျန်ခဲ့သည်က သူမကိုကြည့်နေသော အရိပ်တစ်ခု။

www.burmeseclassic.com



## အခန်း(၃)

"ဟယ်လို ၊ ဟုတ်ကဲ့ ၊၊ ဒေါက်တာကျော်စွာရဲ့ ဆေးခန်းက ပါလား ခင်ဗျာ"

ဦးမိုးမြင့်ဖုန်းပြောသံကြောင့် ဧည့်ခန်းထဲတွင် သတင်းစာ ထိုင်ဖတ်နေသော ကြီးကြီးသန်းက တစ်ချက်မော့ကြည့်လိုက်သည်။

"ဩော် ၊၊ ဟုတ်ကဲ့ ၊၊ ကျွန်တော် Booking တင်ချင်လို့ပါ ခင်ဗျာ"

တစ်ဖက်မှ 'ဘယ်နေ့အတွက်လဲ' ဟု ပြန်မေးသည်။ ဦးမိုးမြင့်က

"သန်ဘက်ခါအတွက်ပါ"

" xxxx "

"တိုကင်နံပါတ် ၄၀ ဟုတ်လား။ အဲဒါထက် ရှေ့တိုးပေးလို့ မရနိုင်ဘူးလားခင်ဗျာ။ ဒေါက်တာနဲ့ အမြဲတမ်းပြနေကျ လူနာ ပါ"

" xxxx "

"ဩော် ၊၊ ဟုတ်ကဲ့ ၊၊ လူနာနာမည်က နန္ဒာမိုးမြင့်ပါ။ အသက်က (၂၁) ပါ"

" xxxx "





"ဟုတ်ကဲ့ ၊၊ ဟုတ်ကဲ့ ၊၊ ကျေးဇူးပါခင်ဗျာ"

ဦးမိုးမြင့်က ဖုန်းခွက်ကိုချပြီး သက်ပြင်းတစ်ချက် မှုတ်ထုတ် လိုက်၏။

"ဟူး"

ထို့နောက် သူက အစ်မဖြစ်သူရှေ့သို့ ဝင်ထိုင်လိုက်သည်။ ကြီးကြီးသန်းက ၊၊

"ဟဲ့ ၊၊ ငါ့မောင် ၊၊ သမီးလေးကို ဆေးခန်းပြဖို့ ရက်ရောက်ပြီ လား"

"ဟုတ်တယ်အစ်မ။ သန်ဘက်ခါလေ။ ကျွန်တော် အခုပဲ တိုကင်လှမ်းတောင်းနေတာ။ နံပါတ် ၄၀ တဲ့။ ညနေ ၅ နာရီလောက် ထွက်သွားလိုက်မယ်"

"အေး ၊၊ အေး ၊၊ ဒါနဲ့ သမီးလေးရဲ့ အခြေအနေကရော ဘယ်လိုလဲ။ ဟိုတစ်ပတ်က သွားပြတော့ ဆရာဝန် ဘာပြော လိုက်လဲ"

အစ်မဖြစ်သူ၏ အမေးကြောင့် ဦးမိုးမြင့် မျက်နှာအနည်းငယ် ရွှင်ပြုံးသွားပြီး ၊၊

"သမီးရဲ့ ၊၊ အခြေအနေက တော်တော်လေး တိုးတက်လာပြီ လို့ ပြောလို့ရတယ်။ ပုံမှန်လူနီးနီးတော့ ပြန်ဖြစ်လာပြီ အစ်မ ရဲ့။ ဒါပေမဲ့ ၊၊ သူ့အမေနဲ့ပတ်သက်တာတွေ သူ့အတွေးထဲ ရောက်သွားပြီဆိုရင်တော့ သူ့စိတ်က ပုံမှန်မဟုတ်တော့ဘူး"

ဦးမိုးမြင့်အပြောကြောင့် ကြီးကြီးသန်း သက်ပြင်းတစ်ချက် မသိမသာချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



''အေးလေ။ ကလေးက အရွယ်နဲ့မမျှအောင် သူ့စိတ်မှာ ဒဏ်ရာရခဲ့တာကိုး။ ဒီအခြေအနေလောက်နဲ့ သမီးလေး အသက်ရှင်နေရတာကပဲ အစ်မတို့အတွက် ကံကောင်းလှပါပြီလေ''

တကယ်တော့ နန္ဒာမိုးမြင့်၏အမေက နန္ဒာ ၈ နှစ်အရွယ်မှာပင် ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးသွားခဲ့ခြင်းဖြစ်သည်။ အမေကို တွယ်တာလွန်းတဲ့သမီးပီပီ သူမအနားမှ မိခင်ဖြစ်သူ ရုတ်တရက် ပျောက်သွားသည့်အခါ အထီးကျန်ခြင်းနှင့်အတူ အားငယ်စိတ်တွေဝင်လာပြီး စိတ်ကယောက်ကယက် ဖြစ်သွားသည်။

သူမစိတ်ထဲမှာ မိခင်ဖြစ်သူ သေဆုံးသွားခြင်းကို လက်မခံနိုင်ဘဲ တစ်နေ့ပြန်လာမယ်လို့ချည်း ထင်နေသည်။

''ဟင်း ‥ ငါ့မောင် ‥ မင်းလည်း ခရီးတွေ ထွက်တာနည်းနည်းလျှော့ဦး။ အားတိုင်း သမီးလေးဘေးနားမှာပဲနေ။ ကြားလား''

''ဟုတ်ကဲ့ပါ အစ်မရယ်။ ဒါပေမဲ့ စီးပွားရေးကလည်း မလုပ်လို့ မဖြစ်ဘူးလေ။ ရှေးဟောင်းပစ္စည်းဆိုတာ အမြဲတမ်း မြို့ပေါ်မှာ ဝယ်လို့ရတာမှ မဟုတ်တာ။ တစ်ခါတလေတော့ ခရီးထွက်ရတာပေါ့။ ဒါကလည်း သမီးလေး အခုလို တော်တော်နေကောင်းလာမှ သွားတာပါ''

''ဟုတ်ပါပြီ ငါ့မောင်ရယ်။ ငါကလည်း စိတ်ပူလို့ပြောတာပါ။ ဒါနဲ့ မင်းခရီးက ဘယ်တော့ထွက်ရဦးမှာလဲ''





ဦးမိုးမြင့်က စဉ်းစားပြီးမှ ‥

''ဒီလကုန်လောက်ကျရင် ဇိုက်တစ်ခုဝယ်ဖို့ တောင်ကြီးဘက်သွားရဦးမယ်။ အဲဒီအခါ အစ်မခဏလာနေပေးဦးနော်။ သမီးလေး တစ်ယောက်တည်း စိတ်မချလို့''

ကြီးကြီးသန်းက မသိမသာသက်ပြင်းချပြီး ‥

''ဟုတ်လား အေး။ လာရမှာပေါ့ ငါ့မောင်ရယ် ‥ လာရမှာပေါ့''

www.burmeseclassic.com



"ကဲ ‥ ကန်ပြီကွာ"

နန္ဒာက သူမရှေ့တွင် တည်ထားသော ဘောလုံးအဝါရောင်လေးကို ခြေထောက်နှင့်ကန်လိုက်၏။ သို့သော် ဂိုးတိုင်တွင် စောင့်နေသော အေးမာက စီးဖမ်းလိုက်သဖြင့် ဘောလုံးလေးက ဂိုးမဝင်ဖြစ်သွားသည်။

"ဟာ ‥ ဝင်လည်း မဝင်ဘူး"

နန္ဒာက စိတ်ပျက်လက်ပျက် ညည်းညူလိုက်ရင်း ပြန်ပစ်ပေးသော ဘောလုံးကို ကန်ပြန်သည်။

"ဒီတစ်ခါ ကြီးကြီးသန်းက ဖမ်း။ အေးမာ ‥ လာ ‥ နင်က ငါနဲ့ ဘောလုံးလာလု"

နန္ဒာပြောသည့်အတိုင်း အေးမာက နန္ဒာနှင့် အတူလာကစားသည်။ ကြီးကြီးသန်းက ဂိုးပေါက်တွင် ဖမ်းဖို့ အသင့်စောင့်နေ၏။

ထို့နောက် နန္ဒာက သူမခြေထောက်ထဲ ဘောလုံးရသည်နှင့် ဂိုးပေါက်ထဲသို့ ကန်သွင်းလိုက်သည်။ ကြီးကြီးသန်းက ပြေးပြီး ဖမ်းသည်။ သို့သော် ကြီးကြီးသန်း၏လုံချည်က တုတ်နေသဖြင့် ပြေးလို့မရ။ ဘောလုံးကို မဖမ်းနိုင်ပေ။

နန္ဒာက စောစောက သူမကန်လိုက်သည့် ဘောလုံးလေးကို ပြေးကောက်ပြီး ‥





"ဟာ ‥ အဲဒါပြောတာပေါ့။ အေးမာရော ကြီးကြီးပါ အဲဒီလုံချည်ကြီးတွေ မဝတ်တော့နဲ့။ ဘောင်းဘီတိုလေးတွေ သွားဝတ်ခဲ့ကြ။ အဲဒါမှ ဘောလုံးကန်လို့ရမှာပေါ့"

အေးမာကတော့ နန္ဒာ့ကိုကြောက်သဖြင့် နန္ဒာပြောပြီးပြီးချင်း 'တုတ်ကဲ့ ‥ ဟုတ်ကဲ့'ဟု ပြောကာ အိမ်ထဲဝင်သွားသည်။ ကြီးကြီးသန်းက မသွားဘဲ ရပ်နေသဖြင့် နန္ဒာက ‥

"ကြီးကြီးကရော ‥ ဘာလုပ်နေတာလဲ ‥ သွားလေ"

ကြီးကြီးသန်းက နန္ဒာ့အပြောကြောင့် မျက်လုံးပြူးသွားရင်း ‥

"အံမယ်လေး ‥ ဗုဒ္ဓေါမြတ်စွာ ‥ ဘယ့်နှယ့် ကြီးကြီးအသက်အရွယ်ကြီးနဲ့ ဘောင်းဘီတိုဝတ်ရမှာလဲ။ မဟုတ်တာ သမီးရယ်"

"ဟာ ‥ မရပါဘူး။ ကြီးကြီးကလေ ‥ အေးမာလောက်တောင် မလိမ္မာဘူး သွားဝတ်ပါကြီးကြီးရာ။ သွား ‥ သွား မြန်မြန်သွား"

နန္ဒာက ပြောရင်း ကြီးကြီးသန်းကိုယ်ကြီးကို တွန်းလွှတ်နေ၏။

"ဟယ် ‥ သမီးရယ် ‥ ကြီးကြီးဆီမှာလည်း ဘောင်းဘီတိုမရှိပါဘူး ‥ လာပါ ‥ ဒီအတိုင်းပဲ ကစားရအောင်ပါ။ ဒီတစ်ခါ ကြီးကြီးမိအောင်ဖမ်းပြမယ်"

"မရဘူး ‥ ကြီးကြီး ဘောင်းဘီတိုလေး ဝတ်ရမယ်"

"ကြီးကြီးမှာမှ မရှိတာ သမီးလေးရဲ့"

"ကြီးကြီးမှာမရှိရင် နန္ဒာ့ဘောင်းဘီတိုလေး ယူဝတ်ပေါ့။ သမီးမှာ အများကြီးရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com

"သမီးရယ် . . သမီးကိုယ်လုံးနဲ့ ကြီးကြီးကိုယ်လုံးကိုလည်း ကြည့်ပါဦး။ မျောက်နဲ့ဆင်လောက် ရှိတယ်။ သမီးဘောင်းဘီလေးနဲ့ ကြီးကြီးနဲ့ ဘယ်တော်ပါ့မလဲ"

"ဟင့်အင်း . . ဟင့်အင်း . . ကြီးကြီး ဘောင်းဘီမဝတ်ရင် သမီး ငိုမှာနော်။ အီး . . ဟီး . . ဟီး . ."

နန္ဒာက ပြောပြောဆိုဆို မြေပြင်ပေါ်ထိုင်ချကာ ခြေထောက် ဆောင့်ပြီး ငိုတော့သည်။ နန္ဒာ့ငိုသံကြောင့် ကြီးကြီးသန်းမှာ ဘာလုပ်ရမည်မှန်းမသိဘဲ ပျာယာခတ်သွားသည်။

"ဟဲ့ . . ဟဲ့ . . မြေကြီးပေါ်ထိုင်ချပြီး မငိုရဘူးလေ။ သမီးလေးက လိမ္မာရဲ့သားနဲ့။ လာ . . သမီးထ။ မငိုတော့နဲ့နော်"

"အီး . . ဟီး . . ဟီး . . မရဘူး ကြီးကြီးဝတ်မှ။ အီး . . ဟီး . . ဟီး"

ထိုအချိန်တွင် ဦးမိုးမြင့်၏ကားက ခြံရှေ့သို့ ထိုးဆိုက်လာသည်။ ခြံထဲသို့ လှမ်းကြည့်လိုက်စဉ် သမီးဖြစ်သူနန္ဒာ ငိုနေသည်ကို တွေ့လိုက်ရ၏။ ဦးမိုးမြင့် ထူပူသွားသည်။ ကားပေါ်မှ ကပျာကယာအပြေးဆင်းရင်း ခြံထဲသို့ ဝင်လိုက်သည်။

"သမီး . . သမီး . . ဘာလို့ငိုနေတာလဲ . . အစ်မ သမီးလေး ဘာဖြစ်လို့လဲ"

အဖေဖြစ်သူ၏အသံကို ကြားလိုက်ရသဖြင့် နန္ဒာက အားကိုးရသွားသလို အဖေဆီသို့ ပြေးသွားလိုက်၏။ ထို့နောက် ရင်ခွင်ထဲသို့ တိုးဝင်ပြီး . .

"အီး . . ဟီး . . ဟီး . . ကြီးကြီးက သမီးကို မချစ်ဘူး။





သမီးက ဘောင်းဘီတိုလေး သွားဝတ်ခိုင်းတာ ကြီးကြီးက မဝတ်ဘူးတဲ့။ အီး . . ဟီး . . ဟီး"

သမီးဖြစ်သူ၏အပြောကို ကြားရမှ ဦးမိုးမြင့်ရင်ထဲ အပူလုံးကြီး ကျသွားသည်။ ထို့နောက် အစ်မဖြစ်သူကို ပြုံးစိစိနှင့် လှမ်းကြည့်လိုက်၏။

"ကဲ . . လာပါ သမီးလေးရယ် . . ငိုမနေတော့နဲ့ . . လာ . . ဖေဖေနဲ့အတူ ထမင်းစားကြရအောင်နော်။ လိမ္မာတယ်"

နန္ဒာ့မျက်နှာလေး ပြုံးသွားပြီး ချက်ချင်း ကြီးကြီးသန်းဘက်သို့ မျက်စောင်းထိုးကာ . .

"ဟုတ်ကဲ့ဖေဖေ . . သမီးက ကြီးကြီးကို မခေါ်တော့ဘူး။ ချစ်လည်း မချစ်တော့ဘူး။ ဖေဖေ့ကိုပဲ ချစ်တော့မယ်။ ခေါ်တော့မယ်နော်"

ကြီးကြီးသန်းက ပြုံးစစနှင့် . .

"အေးပါ . . ဟုတ်ပါပြီ။ ညည်းလေးပြောတာ မှတ်ထားပါနော်"

နန္ဒာက နှာခေါင်းလေးရှုံ့ပြလိုက်သည်။ ထို့နောက် ဦးမိုးမြင့်က သမီးကိုဖက်ကာ အိမ်ထဲသို့ ဝင်သွားလိုက်သည်။ ကြီးကြီးသန်းက သားအဖနှစ်ယောက်၏ကျောပြင်ကို ကြည့်ရင်း ကျေနပ်ပီတိဖြစ်ကာ မျက်ရည်ဝဲနေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးမြင့်က သူဝယ်လာသည့် နီပါတ်စုံခင်း ငွေတားအိမ်နှင့် ငှက်ကြီးတောင်ဓားကြီးကို တယုတယကိုင်ကြည့်ရင်း ဧည့်ခန်းနံရံတွင် ချိတ်ဖို့ပြင်နေသည်။ သူက အန်းတစ်သမားပီပီ ရှေးဟောင်းပစ္စည်းများကိုလည်း မြတ်မြတ်နိုးနိုးသိမ်းဆည်းထားတတ်၏။

သူ့တွင် အင်းဝခေတ် တံကဲအစုံ ဇိုက်များ၊ တစ်ကြောင်းစာချွန်များ၊ ဆင်စွယ်ပန်းပုများ စသဖြင့် ရှေးဟောင်းပစ္စည်း အနုလက်ရာများလည်း ရှိသည်။

ဦးမိုးမြင့်က ငှက်ကြီးတောင်ဓားကြီးကို နံရံတွင် ချိတ်လိုက်သည်။ ထို့နောက် သဘောကျစွာ ပြုံးပြီး ကြည့်နေ၏။

ထိုစဉ် နန္ဒာရောက်လာပြီး နံရံပေါ်က ဓားကြီးကိုကြည့်ကာ နှာခေါင်းရှုံ့သွားရင်း ..

"ဖေဖေ .. ဘာလုပ်နေတာလဲ .. ဟင် .. ဝယ်ပြန်ပြီ။ အဲဒါ ဘာကြီးတွေလဲ။ ဖေဖေကလေ မဟုတ်တဲ့အဟောင်းကြီးတွေ တော့ လျှောက်ဝယ်တယ်။ သမီးကိုတော့ ဘာမှဝယ်မပေးဘူး"

"ဩော် .. အဲဒါက ဖေဖေ့အလုပ်လေ သမီးရဲ့။ နေစမ်းပါဦး။ သမီးက ဘာလိုချင်လို့လဲ"

နန္ဒာက နားထင်အစပ်လေးကို လက်နှင့်ထောက်ကာ ကလေးတစ်ယောက်ကဲ့သို့ စဉ်းစားနေလေ၏။

"အင်း .. သမီး .. ကားလိုချင်တယ်"

နန္ဒာ့အပြောကြောင့် ခပ်လှမ်းလှမ်းတွင် သတင်းစာဖတ်နေသော ကြီးကြီးသန်းက အံ့သြပြီး ကြည့်လိုက်၏။



ဦးမိုးမြင့်က ..

"ကား .. ဟုတ်လား .. ဘာလုပ်မလို့လဲ သမီးရဲ့။ ဖေဖေ့ကား ရှိတာပဲ။ ယူမောင်းပေါ့"

"ဟင့်အင်း .. ဖေဖေ့ကားကြီးက အကြီးကြီးပဲ။ ပြီးတော့ လှလည်း မလှဘူး။ သမီးက ကားသေးသေးလေး လိုချင်တာ ဖေဖေရဲ့"

"ကားသေးသေးလေး ဟုတ်လား။ ဘယ်လိုကားမျိုးလဲ၊ ဘာအရောင်လိုချင်တာလဲ။ ပြောပါဦး"

ဦးမိုးမြင့်ကပြောရင်း သမီးဖြစ်သူ၏ပခုံးလေးကို ဖက်လိုက်သည်။

"သမီးက စက်ရုပ်ကားအပြာရောင်လေး လိုချင်တာ"

"ဟုတ်ပြီဗျာ .. ဒါဆို ဝယ်ပေးမယ်"

ဦးမိုးမြင့်စကားကြောင့် ကြီးကြီးသန်း မျက်နှာပျက်သွား၏။

"ဟင် .. တကယ် ဝေး .. ပျော်စရာကြီး။ ဒါကြောင့် ဖေဖေ့ကို ချစ်တာ"

နန္ဒာက ပြောရင်း အဖေဖြစ်သူကို ကျုံးဖက်လိုက်သည်။

ထိုစဉ် အေးမာရောက်လာပြီး ..

"ဆရာ .. ထမင်းစားလို့ရပါပြီရှင်"

နန္ဒာက ..

"ဟုတ်လား .. အေးမာ .. စောစောက ကစားထားလို့ ငါလည်း ဗိုက်အရမ်းဆာနေတာ။ အတော်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



နန္ဒာက ပြောရင်း ထိုင်ရာမှထကာ မီးဖိုခန်းထဲသို့ ပြေးထွက်သွား၏။ ကြီးကြီးသန်းက အေးမာကို ခဏနေလာခဲ့မယ်ဟု အမူအရာနှင့် ပြောလိုက်သည်။ အေးမာ ထွက်သွားသည်။

ဦးမိုးမြင့်က ထိုင်ရာမှ အထတွင် ကြီးကြီးသန်းက စိတ်ပူပန်ဟန်နှင့် ..

"ဟဲ့ .. မောင်လေး .. ဘာလို့ သမီးလေးကို ကားဝယ်ပေးမယ်လို့ ပြောလိုက်ရတာလဲ"

ကြီးကြီးသန်း စိတ်ပူမည်ဆိုလျှင် ပူစရာပင်။ နန္ဒာမိုးမြင့်၏ မေမေက ကားအက်ဆီးဒင့်နှင့် ကွယ်လွန်သွားခဲ့တာမို့ ကားနှင့်ပတ်သက်လျှင် ကြီးကြီးသန်းစိတ်ထဲ စနိုးစနောင့်ဖြစ်ဖြစ်သွားသည်။

"ဩော် .. ဘာဖြစ်လို့လဲ။ သမီးလေး စိတ်ချမ်းသာအောင်လေ .. အစ်မရဲ့"

ကြီးကြီးသန်းက သက်ပြင်းချရင်း မောင်ဖြစ်သူကို မျက်စောင်းထိုးလိုက်ပြီး ..

"ဟင်း .. ဟင်း .. မင်းကတော့လေ .."

ဦးမိုးမြင့်က အစ်မဖြစ်သူ ဘာကိုစိတ်ပူနေသည်ကို သူသိသည်။ သို့သော် သူ့အချစ်ဆုံးသမီးလေးကိုလည်း စိတ်ချမ်းသာစေချင်သည်။ ဘာကြောင့်နှင့်မှ သမီးလေး နောက်ထပ်စိတ်မဆင်းရဲစေလိုပေ။ ဒါဟာ သူက သမီးလေးအပေါ်တွင်ထားသည့် ဖခင်တစ်ယောက်၏ မေတ္တာပင်။

■





## အခန်း (၄)

ဦးမိုးမြင့်တို့မိသားစု ထမင်းထိုင်စားနေကြသည်။ အေးမာက လိုအပ်သည်များကို ဘေးမှ ပြင်ဆင်ပေး၏။ မိသားစုထမင်းစားကြသည့်အခါ ရောက်တတ်ရာရာစကားများ ပြောဆိုကြသည့် ထုံးစံအတိုင်း ကြီးကြီးသန်းက ..

"မောင်မိုး .. မင်း အရောင်းအဝယ်ကိစ္စတွေရော အဆင်ပြေရဲ့လား"

"ပြေပါတယ်အစ်မ။ အရောင်းရော အဝယ်ပါ သွက်တယ်။ ဒီနေ့ခေတ်က ရှေးဟောင်းပစ္စည်းဆိုတာ တန်ဖိုးထားတတ်တဲ့လူနဲ့ တွေ့ရင် ဈေးကောင်းရတတ်တာကိုး"

ဦးမိုးမြင့်က ပြောပြီး ထမင်းတစ်ဇွန်းခပ်စားလိုက်သည်။

"အေး .. အေး .. ကောင်းတယ်။ ဒါနဲ့ မင်း ဒီအိမ်ကို ဝယ်ပြီးတော့ ပြင်ရဆင်ရသေးလား"

"မပြင်ရဘူးလေ အစ်မရဲ့။ အားလုံး ကောင်းတာပဲလေ။ လက်တင်နေရုံပဲဗျာ"

ကြီးကြီးသန်းက ပါးစပ်ထဲ ထည့်ခါနီး ထမင်းလုတ်ကို ဆိုင်းငံ့ထားပြီး ..



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့လား ငါ့မောင်ရယ်။ အိမ်နံရံတွေကရော ကောင်းရဲ့လား"

"ကောင်းပါတယ်။ ဘာဖြစ်လို့လဲ အစ်မရဲ့"

ကြီးကြီးသန်းက လက်ထဲတွင်ကိုင်ထားသည့် ဖွန်းခက်ရင်းကို ခဏချပြီး ..

"ဪ .. ဘာမှမဟုတ်ပါဘူး။ အိမ်နံရံတွေထဲက ချိုးချိုး ချွတ်ချွတ်နဲ့ အသံတွေကြားမိလို့ပါ။ ခြတွေ၊ ဘာတွေ ရှိနေသလားလို့"

အစ်မဖြစ်သူစကားကြောင့် ဦးမိုးမြင့်က ဟင်းထည့်လက်စဇွန်းကို ပြန်ချထားရင်း ..

"ဟာ .. အစ်မကတော့ ပြောတော့မယ်။ အုတ်နံရံကို ဘယ်လို လုပ်ပြီး ခြစားမှာလဲ"

ထိုစဉ် အေးမာက လျော့သွားသည့်ဟင်းချိုကို လာပြန်ဖြည့် ပေးသည်။

ကြီးကြီးသန်းက ပါးစပ်နားကို လက်နှင့်ပုတ်ချမလို အမူအရာ လုပ်ပြီး ..

"ဪ .. ငါကလည်းလေ .. ဘာတွေပြောနေမိမှန်း မသိဘူး။ ခြမဟုတ်ဘူး။ ကြွက် .. ကြွက် ကြွက်ကိုပြောတာ။ အိမ်နံရံတွေထဲမှာ ဂလိုက်ဖြစ်ပြီး ကြွက်တွေ၊ ဘာတွေ အသိုက် ဖွဲ့နေသလားမသိဘူး"

ကြီးကြီးသန်းအပြောကိုကြားတော့ အေးမာက ..

"ဟုတ်တယ်ဆရာရဲ့။ ကျွန်မလည်း ကြားတယ်၊ မီးဖိုခန်းထဲမှာ





ဟင်းတွေ၊ ဘာတွေချက်နေပြီဆို နံရံတွေထဲက အသံတွေ ကြားတယ်။ ကြွက်တွေများလား မသိဘူး"

အေးမာစကားကြောင့် တစ်ချိန်လုံးငြိမ်နေသည့် နန္ဒာက ခေါက်ထိုးခွက်လန်ရယ်ပြီးနောက် ..

"ဟီး .. ဟီး .. ဟား .. ဟား .. အဲဒါ ကြွက်မဟုတ်ဘူး။ သရဲ .. သရဲ .. ဒီလို အစွယ်ပြူးပြူးကြီးနဲ့ သရဲ .."

နန္ဒာက သွားဖြဲပြီး မျက်လုံးပြူးရင်း လက်နှစ်ဖက်ကလည်း သရဲက ကုပ်ချီးမည့်အိုက်တင် လုပ်ပြလိုက်၏။

နန္ဒာ့အမူအရာကြောင့် ကြီးကြီးသန်းမှာ မျက်လုံးပြူး မျက်ဆန် ပြူးနှင့် ရင်ဘတ်ကို လက်ဖြင့်ဖိရင်း ..

"ဟဲ့ .. သမီး .. အဲဒီလိုမပြောရဘူးလေ .. ဖွဟဲ့ .. လွဲပါ စေ .. ဖယ်ပါစေ .."

နယ်မှာနေသည့် ရှေးလူကြီးပီပီ သရဲတစ္ဆေကို ယုံကြည်တတ် တာကြောင့် ကြီးကြီးသန်းရင်ထဲမှာ ထိတ်ခနဲ လန့်သွားခြင်းဖြစ်သည်။

နန္ဒာက နှာခေါင်းလေးရှုံ့ပြီး တစ်ဖက်လှည့်ကာ ထမင်းဆက် စားနေ၏။ ဦးမိုးမြင့်က အထိတ်တလန့်ဖြစ်နေသော အစ်မဖြစ်သူကို ကြည့်ပြီး ..

"ကဲပါ .. နောက်ရက်ကျရင် အိမ်ရှင်းဖို့ လူတစ်ယောက်ခေါ် ပေးပါမယ်။ လူမနေဘဲ ဒီအတိုင်းပစ်ထားတော့ ကြွက်တွေ၊ ဘာတွေ ဝင်နေတာဖြစ်မှာပေါ့။ ကဲ .. စားလေ အစ်မ"

ဦးမိုးမြင့်က ကြီးကြီးသန်းပန်းကန်ထဲသို့ ဟင်းခပ်ထည့်ပေး လိုက်သည်။ ထို့နောက် ..



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေး ‥ ဖေဖေ့ကို ပန်းကန်လှမ်းပေး ‥။ ဖေဖေ ဟင်းထည့်ပေးမယ်"

ဦးမိုးမြင့်က အားလုံး ပေါ့ပေါ့ပါးပါးဖြစ်စေရန် လောဆော်လိုက်သည်။ ထို့နောက် အားလုံး လက်ဆုံထမင်းစားပြီး အိပ်ဖို့ ကိုယ့်အခန်းကိုယ် ဝင်သွားကြတော့သည်။ ညသည် တဖြည်းဖြည်းမှောင်မိုက်လာသည်။

■





ဒီနေ့သည် နန္ဒာမိုးမြင့်ကို ဆေးခန်းပြရမည့်နေ့ဖြစ်၍ သားအဖနှစ်ယောက် ဆေးခန်းသို့ ရောက်လာကြသည်။ ဆေးခန်းရောက်တော့ သမီးတုံကင်နံပါတ်ရှေ့က နှစ်ယောက်ကို စောင့်ပြီးသောအခါ သမီးအလှည့်ရောက်လာသည်။

ဦးမိုးမြင့်က စိတ်လှုပ်ရှားနေသလောက် နန္ဒာကတော့ အေးအေးဆေးဆေး သီချင်းလေးတောင် ညည်းလိုက်သေး၏။ ဆေးခန်းမှ ‥

"မနန္ဒာမိုးမြင့် ‥ ဝင်လို့ရပါပြီ"

နန္ဒာက သူ့မနာမည်ခေါ်သံ ကြားလျှင်ကြားခြင်း ထိုင်ရာမှ ဆတ်ခနဲထလိုက်သည်။ နေရာမှမထသော ဦးမိုးမြင့်ကို ကြည့်လိုက်ပြီး ‥

"ဖေဖေ ‥ လာလေ ‥ ဟိုမှာ ခေါ်နေပြီ"

ဟုပြောကာ ဦးမိုးမြင့်လက်ကို ဆွဲခေါ်လိုက်၏။ ထိုအခါမှ ဦးမိုးမြင့်က ထလာပြီး သမီးဖြစ်သူ၏ ပခုံးကို ဖက်ကာ စိတ်ကျန်းမာရေးဆရာဝန်၏ အခန်းထဲသို့ ဝင်သွားလိုက်သည်။ ဆရာဝန်က ထုံးစံအတိုင်း သမီးဖြစ်သူကို ခုတင်ပေါ် လှဲခိုင်းပြီး နှလုံးခုန်သံစမ်းသည်။ ဆရာဝန်က ‥

"သမီး ‥ ဘယ်လိုနေသေးလဲ နေလို့ကောင်းလား"

"ကောင်းပါတယ်။ သမီး ဘာမှမဖြစ်ဘူး။ မူးလည်း မမူးဘူး။ ခေါင်းတောင် မကိုက်ဘူး"

နန္ဒာက ကလေးတစ်ယောက်လို ဖြေလိုက်၏။ ဆရာဝန်က ‥



www.burmeseclassic.com

www.burmeseclassic.com

"အင်း ‥ ဟုတ်ပါပြီ။ ဆရာမေးတာက သမီးစိတ်ထဲ နေလို့ ကောင်းလား။ ဘာတွေကို ကြောက်နေသေးလဲ။ အဲဒါကို ပြောတာ"

ဆရာဝန်၏ စကားအဆုံးတွင် နန္ဒာက ဘာမှမသိသလို ဖခေဖေါ်နှင့် မျက်မှောင်လေးကုတ်သွားသည်။ ပြီးမှ ‥

"သမီး ဘာကိုမှ မကြောက်ပါဘူး။ သမီးက ဘယ်သူ့ကို ကြောက်ရမှာလဲ။ ဘယ်သူ့ကိုမှ မကြောက်ဘူး။ သမီးမှာ ဖေဖေရှိတယ်လေ။ ဖေဖေရှိရင် ဘယ်သူ့ကိုမှ မကြောက်ဘူး"

သမီးဖြစ်သူ၏ စကားကြောင့် ဦးမိုးမြင့်ပြုံးလိုက်မိသည်။

ဆရာဝန်က ထပ်ပြီး ‥

"ကောင်းပါပြီကွာ။ ဒါနဲ့ သမီး ညဘက်ညဘက်တွေမှာရော အိပ်ပျော်ရဲ့လား"

"ပျော်ပါတယ်။ အိပ်လိုက်ရင် သစ်တုံးလိုပဲ။ လှုပ်တောင် မလှုပ်ဘူး"

"ဟုတ်ပြီ။ အခု သမီးစိတ်ထဲ ဘာတွေတွေးနေလဲ"

နန္ဒာက တစ်စုံတစ်ခုကို စဉ်းစားဟန်နှင့် ခဏငြိမ်သွားသည်။ ပြီးတော့မှ ‥

"သမီးတွေးနေတာတွေတော့ အများကြီးပေါ့ ဆရာရဲ့။ ဒီကနေ ပြီးရင် ဖေဖေနဲ့ shopping ထွက်မယ်။ ဖိနပ်လှလှလေးတွေ ဝယ်မယ်။ နောက်ပြီး မုန့်သွားစားမယ်။ ဟုတ်တယ်နော် ဖေဖေ"

ဦးမိုးမြင့်က ခေါင်းညိတ်ပြလိုက်၏။ ဆရာဝန်က ‥

"ဒါပဲလား ‥ သမီး"

"အင်း ‥ ဒါပဲလေ ‥ အိမ်ပြန်ရောက်ရင်တော့ ခွေထိုးကြည့်ပြီး အိပ်တော့မယ်။ သမီးက သရဲကားတွေကို သိပ်ကြိုက်တာ ဆရာရဲ့"

"အော် ‥ ကဲ ‥ ရပါပြီ သမီးရယ်။ ထလိုက်တော့။ ပြီးရင် အပြင်မှာ ခဏစောင့် ဟုတ်လား။ သမီးရဲ့ ဖေဖေနဲ့ ဆရာ ခဏ စကားပြောလိုက်ဦးမယ်"

နန္ဒာက လှဲနေရာမှ ခေါင်းညိတ်ပြပြီး ထထိုင်လိုက်သည်။ ထို့နောက် အခန်းအပြင်သို့ ထွက်သွားလိုက်၏။

နန္ဒာထွက်သွားပြီးပြီးချင်းတွင် ဦးမိုးမြင့်က အလောတကြီး မေးလိုက်သည်။

"ဆရာ ‥ ကျွန်တော့်သမီးလေး အခြေအနေ ဘယ်လိုလဲ ဆရာ"

"ကောင်းပါတယ်။ အခြေအနေကတော့ တော်တော်တိုးတက်လာတယ်လို့ ပြောရမယ်။ အခုအတောအတွင်းမှာရော ဘာတွေ ထူးခြားတာ ရှိသေးလဲ"

ဦးမိုးမြင့်က ခဏစဉ်းစားလိုက်သည်။ မနေ့ညက သမီးက သူ့အမေကို အိပ်မက်မက်ပြီး လန့်အော်သည်။ ဦးမိုးမြင့်က သမီးအော်သံ ကြားသဖြင့် သမီးအခန်းထဲသို့ သွားပြီး ချော့သိပ်ခဲ့ရပုံကို ပြန်သတိရသွားပြီး ‥

"အင်း ‥ တခြားဘာမှတော့ မထူးဘူး။ အဲ ‥ ဒါပေမဲ့ ညက တော့ သူ့အမေကို အိပ်မက်မက်ပြီး ထအော်သေးတယ်။

www.burmeseclassic.com

ကျွန်တော်သွားပြီး ချော့သိပ်လိုက်တော့မှ ပြန်အိပ်ပျော်သွားတယ်''

ဆရာဝန်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း ..

''အင်း .. ကောင်းပါတယ်။ အခြေအနေကတော့ ဆုတ်ယုတ်ဖို့ မရှိတော့ဘူး။ အမြန်ဆုံးပြန်ကောင်းလာမယ်လို့ ကျွန်တော်ယုံကြည်တယ်ဗျာ''

ဆရာဝန်ကြီးအပြောကြောင့် ဦးမိုးမြင့်က အားတက်သွားပြီး ..

''ဟုတ်ကဲ့ .. ဝမ်းသာလိုက်တာ ဆရာရယ်။ ကျွန်တော် ဆရာ့ကို တကယ်ကို ကျေးဇူးတင်ပါတယ်ဗျာ''

''ရပါတယ်။ ဆေးတွေတော့ ပုံမှန်တိုက်ပေးနော်''

''ဟုတ်ကဲ့ပါ ဆရာ။ ဒါဆို ကျွန်တော်တို့ကို သွားခွင့်ပြုပါဦးခင်ဗျာ''

ဆရာဝန်က ခေါင်းညိတ်ပြလိုက်သည်။ ဦးမိုးမြင့်က အခန်းထဲမှ ပြန်ထွက်လာသည်။ သမီးဖြစ်သူကိုခေါ်ပြီး ကားပေါ်တက်ကာ မောင်းထွက်လာခဲ့ကြတော့သည်။

■





အခန်း (၅)

ကြီးကြီးသန်းက ခြင်းတောင်းကိုင်ကာ ဈေးမှ ပြန်လာသည်။ အိမ်အကူအအေးမာ ရှိပေမဲ့ ကြီးကြီးသန်းက ကိုယ်တိုင်ပဲ ဈေးသွားလေ့ရှိသည်။ လူကြီးဆိုတော့ မနက်စောစော လမ်းလေးလျှောက်ရင်း သွားရသည်မို့ လေ့ကျင့်ခန်းလည်းဖြစ်သည် မဟုတ်လား။

ထိုသို့ဖြင့် မီးဖိုချောင်အတွက် လိုအပ်သည်များကို ဝယ်ခြမ်းပြီး ကြီးကြီးသန်းက အိမ်သို့ လမ်းလျှောက်ပြီး ပြန်လာသည်။

ထိုစဉ် အိမ်နီးနားချင်းအမျိုးသမီးတစ်ယောက်က ကြီးကြီးသန်းကို မြင်သည်နှင့် အိမ်ထဲမှ ကပျာကယာထွက်လာပြီး ..

''ဈေးက ပြန်လာတာလား အစ်မကြီးရဲ့''


www.burmeseclassic.com

www.burmeseclassic.com



နောက်မှ ရုတ်တရက် နှုတ်ဆက်သံကြောင့် ကြီးကြီးသန်းက ပြုံးပြီး လှည့်ကြည့်လိုက်သည်။

"သြော် .. ဟုတ်တယ် ညီမရေ။ နေမပူခင် စောစောလေး သွားလိုက်တာ။ ညီမတို့ရော သွားပြီးပြီလား"

"အိမ်ကကောင်မလေးကိုပဲ လွှတ်လိုက်တယ်။ နေပါဦး။ အစ်မတို့ အရင် ဟို .. ကောင်မလေးတစ်ယောက် သွားနေကျ ပါ"

"ဟုတ်တယ် ညီမရေ၊ ဒါပေမဲ့ အစ်မရှိရင်တော့ အစ်မပဲ သွားတယ်။ လူကြီးဆိုတော့ လမ်းလေးဘာလေး လျှောက်ရင်း ပေါ့"

"သြော် .. ဟို .. ဆောရီးနော် အစ်မ။ စပ်စုတယ်လို့ မထင်ပါနဲ့။ အစ်မကြီးက ဒီမှာနေတာ မဟုတ်ဘူးလား"

"မဟုတ်ဘူး ညီမရဲ့။ အစ်မက မော်လမြိုင်မှာနေတာ။ ဒီမှာ က အစ်မရဲ့မောင် သားအဖနှစ်ယောက်နေကြတာ။ အစ်မ ကတော့ သွားလိုက်ပြန်လိုက်ပေါ့"

"သြော် .. ဟုတ်လား။ အင်း .. အစ်မတို့က မော်လမြိုင်က ဆိုတော့ ဒီအိမ်ကို ဘယ်လိုများ ဝယ်ဖြစ်သွားတာလဲ။ ကျွန် ပွဲစားက အတင်းထိုးရောင်းသွားပြီထင်တယ်"

အမျိုးသမီးက ပြောရင်း ဦးမိုးမြင့်တို့အိမ်ကြီးဆီ မသိမသာ ကြည့်လိုက်သည်။

ကြီးကြီးသန်းက ပြုံးရင်း ..

"မဟုတ်ပါဘူး ညီမရယ်။ အစ်မမောင်ကိုယ်တိုင် ဝယ်လိုက်





တာပါ။ ပြီးတော့ ကံကောင်းတယ်လို့ ပြောရမလား မသိဘူး။ ဒီအိမ်က ဈေးချိုချိုချမ်းချမ်းနဲ့ ရလိုက်တာလေ။ ဟင်း .. ဟင်း"

"သြော် .. ဒါနဲ့ ဒီအိမ်ကို ပွဲစားဆီကတစ်ဆင့် ဝယ်တာလား။ ပထမအိမ်ရှင်ရဲ့ ဆွေမျိုးတွေနဲ့ သိလို့ ဝယ်ဖြစ်လိုက်တာလား ဟင်"

"ပွဲစားကတစ်ဆင့် ဝယ်တာလေ ညီမရဲ့။ ညီမတို့က အိမ်နီး နားချင်းဆိုတော့ အရင်အိမ်ရှင်နဲ့ ရင်းနှီးမှာပေါ့နော်"

ကြီးကြီးသန်း၏အမေးကြောင့် အမျိုးသမီးက မျက်နှာအကြီး အကျယ်ပျက်သွားသည်။

"ဟင့်အင်း .. ဟင့်အင်း .. မရင်းနှီးပါဘူးရှင်။ မရင်းနှီး ပါဘူး။ ရင်းလည်း မရင်းနှီးချင်ပါဘူး"

အမျိုးသမီး၏ ပြူးတူးပျာတာအပြောကြောင့် ကြီးကြီးသန်းက အံ့သြသွားပြီး ..

"ဟင် .. ဘာလို့လဲ .. ညီမရဲ့"

အမျိုးသမီးက အိမ်ကြီးဆီသို့ ကြောက်လန့်ဟန်ဖြင့် ကြည့်ပြီး ..

"အဲ .. အဲဒီ .. အိမ်က .. ဟို .. ဟိုဒင်း"

အမျိုးသမီး၏စကားမဆုံးခင်မှာပင် အေးမာက အိမ်ထဲက ထွက်လာပြီး ..

"သြော် .. ကြီးကြီးသန်းက စကားပြောနေတာကိုး။ ဟိုမှာ မမလေးက ဗိုက်ဆာတယ်ဆိုလို့ သမီးက ကြီးကြီးသန်းပြန်လာ ပြီလားလို့ ထွက်ကြည့်တာ"



www.burmeseclassic.com

"ညြော် ‥ အေး ‥ အေး လာခဲ့မယ်"

ကြီးကြီးသန်းက အေးမာကို လှမ်းပြောပြီး ‥

"ကဲ ‥ ညီမရေ ‥ စကားပြောလို့တော့ ကောင်းပါရဲ့။ ဟင်းချက်တာ နောက်ကျမှာစိုးလို့ သွားတော့မယ်နော်"

"ဟုတ် ‥ ဟုတ်ကဲ့"

ကြီးကြီးသန်းက ပြန်ပြီး အိမ်ဘက်ဆီသို့ ထွက်လာလိုက်သည်။ ကျန်နေခဲ့သော အမျိုးသမီးမှာ ကြက်သီးထဟန်နှင့် ပခုံးကိုတွန့်ကာ သူ့မအိမ်ထဲသို့ ပြန်ဝင်သွားတော့သည်။

■





ညသည် တိတ်ဆိတ်မှောင်မိုက်နေသည်။ အိပ်မောကျနေသော လူတွေ၏ အသက်ရှုသံမှလွဲ၍ အရာအားလုံး ပကတိ ငြိမ်သက်နေသည်။ နက်ပြာရောင်ကောင်းကင်ကြီးကို နောက်ခံထားပြီး ကွေးကွေးလေး သာနေသည့် လခြမ်းလေးမှလွဲ၍ ကောင်းကင်တစ်ခွင်လုံး ကြယ်ရောင် တင်းမှဲ့နေလေ၏။

ဟိုးခပ်ဝေးဝေးဆီမှ ညဉ့်ငှက်တစ်ကောင်၏ အော်မြည်သံကို ကြားရသည်။

ထိုစဉ် ‥

"ဒေါင် ‥ ဒေါင် ‥ ဒေါင် ‥"

ရပ်ကွက်ကင်းတဲမှ နာရီအချက်ပေးသံက ညအမှောင်ကို ထိုးခွင်းလိုက်သည်။

ထိုအချိန်တွင် စံအိမ်ကြီး၏ လှေကားထစ်ပေါ်သို့ ဂျင်းဘောင်းဘီဝတ်ထားသည့် ခြေထောက်တစ်စုံက တရွေ့ရွေ့နှင့် လှမ်းတက်လာသည်။

ခြေတစ်လှမ်း လှမ်းလိုက်တိုင်းတွင် 'ဒုန်း' ဆိုသည့် အသံကျယ်ကြီး ကြားနေရသည်။

"ဒုန်း"

"ဒုန်း"

"ဒုန်း"

လှေကားအဆုံးထိပ်သို့ ရောက်သောအခါ ခြေနှစ်ချောင်းစလုံးကို ပြိုင်တူရပ်လိုက်ချိန်၌ ‥

"ဒုန်း"

www.burmeseclassic.com



ဟူသော စာစာကထက် လေးဆလောက်ပိုပြင်းသည့် အသံကြီးကို ကိုယ့်အခန်းနှင့်ကိုယ် အိပ်နေကြသော ဦးမိုးမြင့်တို့ ၃ ယောက်စလုံးက ဖြိုင်တူကြားလိုက်ရသည်နှင့် မျက်လုံးများ တစ်ပြိုင်နက် ပွင့်သွားကြသည်။

''ဟင်''

''ဟာ''

''အံမယ်လေး''

ဆောင်းမှာအိပ်နေသော နန္ဒာ့ဆီမှ ''အံမယ်လေး''ဟူသောအသံကြားလိုက်ရ၍ ကြီးကြီးသန်းက ..

''သမီး .. သမီးလည်း နိုးနေတာလား''

ဟု အံ့ဩတကြီး မေးလိုက်သည်။ နန္ဒာက ..

''ဟုတ်တယ် ကြီးကြီး။ အိပ်မက်မက်ပြီး လန့်နိုးလာတာ''

''ဟင် .. တိုက်ဆိုင်လိုက်တာ ကြီးကြီးရောပဲ''

ထိုစဉ် အပြင်မှ ခြေသံတစ်သံ ကြားလိုက်ရသည်။ နန္ဒာတို့တူဝရီးနှစ်ယောက်စလုံး လှုံနေရာမှ ဆတ်ခနဲထထိုင်ပြီး အပြင်ဘက်သို့ နားစွင့်လိုက်သည်။ တဖြည်းဖြည်း ခြေသံက သူမတို့အခန်းနှင့် နီးသထက် နီးလာသည်။

ကြီးကြီးသန်းက ခုတင်ဘေးတွင် ချထားသည့် မျက်မှန်ကို ယူကာ တပ်လိုက်သည်။ ထို့နောက် ခြေထောက်မှ စောင်ကိုဖယ်ကာ အိပ်ရာပေါ်မှ ထလိုက်၏။

နန္ဒာက ကြီးကြီးသန်း၏လက်ကို ဆတ်ခနဲ ဆွဲလိုက်ပြီး ..

''ကြီးကြီး''





ဟုခေါ်ကာ ကြောက်ရွံ့ဟန်ဖြင့် ကြည့်လိုက်၏။ ကြီးကြီးသန်းက လက်ကာပြပြီး အခန်းတံခါးဝသို့ လျှောက်သွားလိုက်သည်။ နန္ဒာက နောက်မှ လိုက်လာသည်။

ကြီးကြီးသန်းက အခန်းတံခါးကို ဖြည်းညင်းစွာ ဆွဲဖွင့်လိုက်သည်။

''ကျွိ ..''

အခန်းရှေ့တွင် မြင်လိုက်ရသည်ကား ..

''ဟင် .. မောင်မိုး .. မင်း မအိပ်သေးတာလား''

''မဟုတ်ဘူးအစ်မ။ အိပ်မက်မက်ပြီး လန့်နိုးလာတာ။ အစ်မတို့ကရော''

ဦးမိုးမြင့်အပြောကြောင့် ကြီးကြီးသန်းက နန္ဒာကိုကြည့်လိုက်ရင်း ..

''အေး .. ငါတို့ တူဝရီးလည်း အိပ်မက်မက်ပြီး ဖြိုင်တူနိုးလာကြတာ။ အဲ .. ထူးထူးဆန်းဆန်းပါလားဟဲ့''

''ဟုတ်လား .. ကျွန်တော်လည်း လှေကားပေါ် တစ်ယောက်ယောက် တက်လာသလားလို့ ထွက်ကြည့်တာ''

ပြောနေရင်း ဦးမိုးမြင့်တို့က ဝရန်တာဘက် ထွက်သွားလိုက်ကြသည်။ ကြီးကြီးသန်းနှင့် နန္ဒာက ဦးမိုးမြင့်နောက်မှ လိုက်လာကြသည်။

ထိုစဉ် ဦးမိုးမြင့်အကြည့်ကာ ခြံထဲသို့ ရောက်သွားစဉ် ခြံထဲ၌ လူတစ်ယောက် တောင့်တောင့်ကြီး လမ်းလျှောက်နေသည်ကို တွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"အစ်မ ‥ အစ်မ ‥ ဟိုမှာ ကြည့်စမ်း"

ကြီးကြီးသန်းက အထိတ်တလန့်နှင့် ဦးမိုးမြင့်အနားသို့ တိုးကပ်ကာ ‥

"ဟဲ့ ‥ ဘာလဲ မောင်မိုးရဲ့"

ဟုပြောရင်း အကြည့်က ဦးမိုးမြင့် လက်ညှိုးထိုးပြရာ ခြံထဲသို့ ကြည့်လိုက်စဉ် ‥

"အံမယ်လေး ‥ ဗုဒ္ဓေါမြတ်စွာ။ အဲ ‥ အဲဒါ ဘယ်သူကြီးတုန်း"

ကြီးကြီးသန်း၏ အံ့သြတကြီးအပြောကြောင့် နန္ဒာကပါ ခြံထဲသို့ ကြည့်လိုက်ပြီး ‥

"ဟင် ‥ ဖေဖေ ‥ ဖေဖေ ‥ သမီးလည်း တွေ့တယ်၊ လုပ်ပါဦး"

ဦးမိုးမြင့်က သမီးဖြစ်သူအနားသို့ တိုးကပ်သွားပြီး ဖက်ထားလိုက်သည်။

"မကြောက်နဲ့ ‥ မကြောက်နဲ့ သမီးလေး ‥ ဖေဖေရှိတယ်၊ သူခိုးများလား"

ဦးမိုးမြင့်က ပြောပြီး ခြံထဲမီးကို ဖွင့်ကြည့်လိုက်သည်။ မီးရောင် ထဲတွင် ဆံပင်ဖိုးရိုးဖားရားနှင့် လမ်းလျှောက်နေသော အေးမာကို တွေ့လိုက်ရ၏။

ကြီးကြီးသန်းက ‥

"ဟဲ့ ‥ အဲဒါ အေးမာမဟုတ်လား"





"ဟုတ်တယ် အစ်မ။ သူ ယောင်ပြီး လမ်းထလျှောက်တာ ဖြစ်မယ်"

ထိုသို့ပြောနေစဉ်မှာပင် အေးမာက ခြံထဲရှိ သရက်ပင်ကြီးနှင့် ခေါင်းကိုဆောင့်ကာ အသေကောင်လို မတ်တတ်ရပ်နေသည်။

"ဖအာ ‥ ဒုက္ခပါပဲ ‥ ဒီကောင်မလေးတော့ ခေါင်းတွေ၊ ဘာတွေ ကွဲကုန်တော့မှာပဲ။ မဖြစ်ဘူး။ သွားပြီး သတိပေးဦးမှ"

ဦးမိုးမြင့်က ပြောပြီး လှေကားအတိုင်း ဆင်းသွားသည်။ နောက်မှ ကြီးကြီးသန်းနှင့် နန္ဒာတို့က လိုက်လာသည်။ ခြံထဲရောက်တော့ ကြီးကြီးသန်းက အေးမာအနားသို့ သွားပြီး ‥

"ဟဲ့ ‥ အေးမာ ‥ အေးမာ ‥ ဘာတွေယောင်နေတာလဲ။ သွား ‥ သွား ကိုယ့်အခန်းကိုယ်ပြန်အိပ်လေ"

အေးမာက ကြီးကြီးသန်းကို မျက်လုံးသေကြီးဖြင့် တစ်ချက် ကြည့်လိုက်သည်။ ထို့နောက် သူမက အိမ်ထဲသို့ ဝင်သွားတော့သည်။

ဦးမိုးမြင့်က ‥

"ကဲ ‥ လာ ‥ ကျွန်တော်တို့လည်း အိမ်ပေါ်ပြန်တက်ပြီး အိပ်ကြရအောင်"

ဦးမိုးမြင့်တို့က ပြောပြီး ၃ ယောက်သား အိမ်ထဲသို့ ပြန်ဝင်လာကြသည်။ သို့သော် ခြံထောင့်တွင် ရပ်ငေးကြည့်နေသော ဖြူစုပ်စုပ် မျက်နှာနှင့် လူတစ်ယောက်ကိုမူ သူတို့အားလုံး သတိမထားလိုက်မိပါချေ။

■



www.burmeseclassic.com

www.burmeseclassic.com





ညက တော်တော်နှင့် အိပ်မပျော်၍ ဦးမိုးမြင့်တစ်ယောက် မနက် အိပ်ရာထ နောက်ကျသွားသည်။ သူ ထမင်းစားခန်းထဲသို့ ရောက်လာချိန်တွင် ကြီးကြီးသန်းရော နန္ဒာပါ ရောက်နှင့်နေပြီ။

"ဩော် . . . နိုးလာပြီ။ လာ . . ထိုင်"

ဦးမိုးမြင့်က ခေါင်းညိတ်ပြပြီး စားပွဲဝိုင်း၌ ဝင်ထိုင်သည်။ နန္ဒာက သွက်လက်စွာဖြင့် အဖေဖြစ်သူအတွက် ကော်ဖီငှဲ့ပေးလိုက်သည်။

"ဖေဖေ . . ရော့ . . သောက်"

"အေး . . အေး . . သမီး"

ဦးမိုးမြင့်က ပြောပြီး ကော်ဖီတစ်ကျိုက် မော့သောက်လိုက်သည်။ ကြီးကြီးသန်းက စားလက်စ ကိတ်မုန့်လက်ကျန်လေးကို ပါးစပ်ထဲ ထည့်ပြီး . .

"အစ်မ . . ဒီညနေကားနဲ့ ပြန်မှာနော် မောင်မိုး"

"ဟုတ်ကဲ့ . . သိပါတယ် အစ်မရဲ့။ ကျွန်တော် လိုက်ပို့မယ်လေ"

"ငါ့ကို လိုက်ပို့ဖို့ သတိပေးနေတာ မဟုတ်ဘူးနော်"

အစ်မဖြစ်သူ၏အပြောကြောင့် ဦးမိုးမြင့်က ရုတ်တရက် ကြောင်သွားပြီး . .

"ဗျာ . . ဒါဆို . . ဘာကိုပြောတာလဲ အစ်မရဲ့"

"သမီးလေးကို မင်း ဂရုစိုက်ဖို့ သတိပေးနေတာ"

"ဩော် . . ဒါများ အစ်မရယ် . . အစ်မ သတိမပေးလည်း ကျွန်တော်က သမီးလေးကို ဂရုစိုက်မှာပါ"



"အေးပါ . . ဂရုစိုက်တာ သိပါတယ်။ ညကလိုမျိုး သမီးလေး တစ်ယောက်တည်း အိပ်မက်မက်ပြီး လန့်နိုးနေမှာစိုးလို့။ သူ တစ်ယောက်တည်းဆို ကြောက်နေမယ်။ အသံလေး ဘာလေး နားစွင့်ပြီးအိပ် ကြားလား"

"အင်းပါ . . အစ်မရဲ့"

ကြီးကြီးသန်းအပြောကြောင့် ထိုင်နေသောနန္ဒာက . .

"ကြီးကြီးကလည်း စိတ်ပူတတ်လိုက်တာ။ သမီးက ကလေးမှ မဟုတ်တာ"

တူမဖြစ်သူစကားကြောင့် ကြီးကြီးသန်းမှာ ချစ်စနိုးဖြစ်သွားပြီး . .

"ဟုတ်ပါတယ် . . ကလေးမဟုတ်ပါဘူး။ လူကြီးမှ လူကြီးပါတော် . . ကဲ . ကျေနပ်ပြီလား"

ပြောပြီး တူမဖြစ်သူ၏ ပါးလေးကို မနာအောင် ဆွဲဖျစ်လိုက်သည်။

"ကြီးကြီး . . ဟိုက အလုပ်တွေပြီးတာနဲ့ ပြန်လာခဲ့မယ်နော်။ သမီးလေးက ကြီးကြီးပြန်မလာခင် ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ရမယ် ကြားလား သမီး"

နန္ဒာက ကလေးလေးပြောသလို . .

"ဟုတ် . . ကဲ့"

ထိုစဉ် မီးဖိုခန်းထဲတွင် အလုပ်လုပ်နေသော အေးမာက ထွက်လာပြီး ကြီးကြီးသန်းကိုကြည့်ကာ . .



www.burmeseclassic.com

www.burmeseclassic.com



“ကြီးကြီး ‥ မုန့်ဟင်းခါးလည်း ရှိသေးတယ်နော်။ စားလို့ရတယ်”

“တော်ပါပြီအေ။ သြော် ‥ ဟဲ့ ‥ အေးမာ ‥ ညည်း ညက ဘယ်လိုဖြစ်တာတုန်း”

ကြီးကြီးသန်းအမေးကြောင့် အေးမာက ဇဝေဇဝါဖြစ်သွားရင်း ‥

“ဟင် ‥ ဘာဖြစ်လို့လဲ ကြီးကြီး”

“အံမယ်လေး ‥ အံ့ပါ့တော်။ ကိုယ်ဖြစ်တာတောင် ကိုယ်မသိဘူးလား”

အေးမာက မျက်မှောင်ကြုတ်ကာ ခေါင်းကို မသိမသာကုတ်ရင်း ‥

“ဟင့်အင်း ‥ မသိဘူး ကြီးကြီး”

အေးမာအပြောကြောင့် ကြီးကြီးသန်းက မျက်စောင်းထိုးပြီး ဆက်ပြောဖို့ ပြင်လိုက်စဉ်မှာပင် ဦးမိုးမြင့်က စကားဖြတ်ပြီး ‥

“သြော် ‥ အစ်မရယ်။ သူက ယောင်နေတာပါဆို ဘယ်သိပါ့မလဲ။ အေးမာ ‥ ညည်း ညတုန်းက ယောင်ပြီး ညသန်းခေါင်ကြီး ခြံထဲမှာ လမ်းပတ်လျှောက်နေတယ်”

အေးမာက ဦးမိုးမြင့်ဆီမှ ကြားလိုက်ရသောစကားကြောင့် ‥

“ရှင် ‥ တ ‥ ကယ်လားဟင်”

ကြီးကြီးသန်းက ‥

“တကယ်ပေါ့ ‥ ညည်းကို ဘာလို့ညာရမှာလဲ။ ကဲ ‥ ထားပါ ငါမရှိရင် ညည်းမမလေးကို ဂရုစိုက် ကြားလား”





“ဟုတ်ကဲ့ ‥ စိတ်ချပါ ကြီးကြီး”

“အေး ‥ အေး ‥ ပြီးရော။ ကဲ ‥ မောင်မိုး စားလို့ပြီးရင် အိမ်အတွက် လိုအပ်တာလေးတွေ ဝယ်ဖို့ရှိတယ်။ အစ်မကို ဈေးလိုက်ပို့ဦး”

ဦးမိုးမြင့်က လက်ကျန်ကော်ဖီခွက်ကို ကပျာကယာ မော့သောက်ပြီး ‥

“ဟုတ်ကဲ့။ ကဲ ‥ လာ ‥ အခုသွားလို့ရပြီ။ သမီး ‥ ဖေဖေတို့ နေ့လယ်လောက်မှ ပြန်လာမယ်။ အေးမာ ‥ သမီးကို ဂရုစိုက်နော်”

အေးမာက ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် ဦးမိုးမြင့်နှင့် ကြီးကြီးသန်းတို့က ထွက်လာခဲ့ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com


ဦးမိုးမြင့်တို့ ထွက်သွားပြီးနောက် နန္ဒာက စားလက်စကို လက်စသတ်ပြီး သူမအခန်းရှိရာဆီ အပေါ်ထပ်သို့ တက်သွားလိုက်သည်။ အခန်းထဲရောက်သောအခါ ဘာလုပ်ရမည်ကို မသိဘဲ ငူငူငေါင်ငေါင် ထိုင်နေမိ၏။

သူမဘဝက ထိုအတိုင်းပင်။ အဖေဖြစ်သူ ဦးမိုးမြင့်နှင့် ကြီးကြီးသန်းတို့ အိမ်မှာမရှိဘူးဆိုလျှင် သူမတစ်ယောက်တည်း အမြဲတမ်း အထီးကျန်နေတတ်သည်။

နန္ဒာ့တွင် သူငယ်ချင်းအပေါင်းအသင်းရယ်လို့လည်း မရှိ။ ပိုဆိုးသည်က မော်လမြိုင်ကနေ ရန်ကုန်သို့ ပြောင်းလာသောအခါ သူမသူငယ်ချင်းများက မော်လမြိုင်တွင် ကျန်နေခဲ့ကြသည်။

ယခု ရန်ကုန်တွင် သူမတစ်ယောက်တည်း။

အခန်းထဲတွင် သူမတစ်ယောက်တည်းပင်။

"မေမေသာရှိရင် သိပ်ကောင်းမှာပဲ။ အခုဆို ဖေဖေနဲ့ စကားတွေ ပြောနေပြီ"

သူမက ရုတ်တရက်တွေးမိလိုက်သော အတွေးကြောင့် ရင်ထဲ ဆို့တက်လာသည်။

"အို . . မေမေက ပြန်လာတော့မှာပါလေ . . ဟင်း"

နန္ဒာက ပါးစပ်မှ တိုးတိုးလေးထုတ်ပြောပြီး သက်ပြင်းတစ်ချက် ချလိုက်သည်။ ထို့နောက် သူမ အိပ်ရာဘေးတွင်ရှိသော မဂ္ဂဇင်းတစ်အုပ်ကို ဘာရယ်မဟုတ် ကောက်လှန်ဖတ်ကြည့်လိုက်သည်။

တဖြည်းဖြည်း စာအုပ်ထဲတွင် မြောသွားပြီး စောစောက တွေးသည့် အတွေးများက လွင့်စင်သွားသည်။



စာအုပ်ထဲတွင် စိတ်နှစ်ထားလိုက်သောအခါ တစ်ယောက်တည်းဆိုသည့် အသိက အနည်းငယ် နေသာထိုင်သာရှိသွား၏။

ထိုစဉ်

"ဂျစ် . . ဂျစ် . . ဂျစ်"

အုတ်နံရံတွင်းမှ တစ်စုံတစ်ရာအသံ ကြားလိုက်ရသည်။

နန္ဒာက မျက်မှောင်ကြုတ်ကာ နံရံဆီသို့ စိုက်ကြည့်လိုက်၏။

"ဂျစ် . . ဂျစ် . . ဂျစ်"

ထပ်ကြားလိုက်ရသောအသံကြောင့် နန္ဒာက ဖတ်လက်စ စာအုပ်ကို ဘေးချကာ နံရံဆီ နားကပ်ပြီး နားထောင်လိုက်သည်။ ဘာသံမှ မကြားရတော့ချေ။

နန္ဒာက စောစောက စာအုပ်ကိုကိုင်ကာ ပြန်ဖတ်နေလိုက်သည်။

"ဂျစ် . . ဂျစ် . . ဂျစ်"

နံရံဆီမှ အသံ ထပ်ကြားရပြန်သည်။ နန္ဒာက နံရံကို နားကပ်ပြီး နားထောင်လိုက်ပြန်သည်။ နန္ဒာက နားထောင်နေသည့်အချိန်တွင် ဘာသံမှ မကြားရတော့ချေ။

ထို့နောက် စာအုပ်ပြန်ဖတ်သည်။ ထိုအသံက သဲသဲသာသာကို ကျယ်လောင်လာသည်။

နားထောင်လိုက်သည့်အချိန်မှာတော့ ဘာမှ မကြားရတော့။

"တောက်! စိတ်တိုလိုက်တာ။ သူများ စာအုပ်ဖတ်နေတာကို။ ဘယ်သူက နှောင့်ယှက်နေတာလဲ"

နန္ဒာက ပြောရင်း စာအုပ်ကိုင်ကာ တံခါးကို စောင့်ပိတ်ရင်း အခန်းထဲမှ ထွက်လာလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း"

နန္ဒာပိတ်လိုက်သော တံခါး၏ နောက်ကွယ်တွင်ကား နန္ဒာ့ကို ပြုံးပြုံးကြည့်နေသော ဖြူစုပ်စုပ်မျက်နှာနှင့် လူတစ်ယောက်။

■





မီးဖိုခန်းထဲတွင် အေးမာက ဟင်းချက်သည်များကို လက်စသတ် လိုက်သည်။ ထို့နောက် လက်သုတ်ကာ မီးဖိုခန်းထဲမှ ထွက်လာလိုက်သည်။

"ဩော် . . မမလေးကို သွားခေါ်ဦးမှပဲ။ တော်ကြာ မမလေး ဗိုက်ဆာနေဦးမယ်"

အေးမာက တစ်ကိုယ်တည်းပြောရင်း အပေါ်ထပ်သို့ တက်လာခဲ့သည်။ အပေါ်ထပ်လှေကားရင်းသို့ ရောက်သောအခါ နန္ဒာ၏ အခန်းတံခါးက ရုတ်တရက် သူ့အလိုလို ပွင့်လာသည်ကို အေးမာ မြင်လိုက်ရသည်။

"ဟောတော့"

အေးမာက အံ့ဩတကြီး ရေရွတ်လိုက်သည်။ ထို့နောက် အခန်းရှေ့သို့ ကပျာကယာသွားကာ အခန်းဝမှ အထဲသို့ ချောင်းကြည့်သည်။ အခန်းတစ်ခုလုံး ရှင်းနေသည်။ ဘာမှမတွေ့။

အေးမာက အခန်းထဲသို့ မရဲတရဲ တိုးကပ်သွားသည်။

ထိုစဉ် ရေချိုးခန်းဆီမှ ရေကျသံ ကြားလိုက်ရသည်။

အေးမာက ရင်ဘတ်ဖိ သက်ပြင်းချပြီး . .

"ဩော် . . မမလေး ရေချိုးနေတာကိုး"

ခပ်တိုးတိုးပြောရင်း ရေချိုးခန်းနားသို့ တိုးကပ်သွားကာ . .

"မမလေး . . ထမင်းစားဖို့ အဆင်သင့်ဖြစ်ပြီနော်"

ရေချိုးခန်းထဲမှ ဘာသံမှ မကြားရ။ ကြမ်းပြင်ပေါ်ရေကျသံများသာ အဆက်မပြတ်ကြားနေရသည်။



www.burmeseclassic.com

အေးမာက ပြောပြီး ခုတင်ဆီသို့ သွားကာ ဆောင်ကိုခေါက်ဖို့ ဆွဲယူလိုက်သည်။ စောင်ကိုခေါက်၊ အိပ်ရာခင်းကို ဆွဲဆန့်ပေးနှင့် အိပ်ရာတစ်ခုလုံး သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြင်ပေးလိုက်သည်။

ထိုစဉ် ခုတင်အောက ပြတင်းပေါက်လိုက်ကာက လေတိုက်ပြီး ပြတင်းဘောင်ပေါ် တင်နေသဖြင့် ဆွဲယူလိုက်ရင်း ခြံထဲသို့ အကြည့် ရောက်သွားစဉ် ..

"ဟင်"

အေးမာ၏ မျက်လုံးများ တရွှတ်ဆီးသီးလုံးလောက် ပြူးကျယ် သွားသည်။ ကြောက်စိတ်များက အသွေးအသားထဲသို့ ဝုန်းဆို ရောက် လာသည်။

သူမ တွေ့လိုက်ရသည်ကား ခြံထဲတွင် စာထိုင်ဖတ်နေသော နန္ဒာမိုးမြင့်။

"ဟင် .. မ .. မမလေးက ခြံထဲမှာ။ ဒါဆို .. ဒီ .. ဒီ ရေချိုးခန်းထဲက၊ အံမယ်လေး .."

အေးမာက အတွေးကို ရပ်ပစ်လိုက်ပြီး ကြောက်လန့်တကြား အော်ဟစ်ကာ အခန်းထဲမှ ပြေးထွက်လာခဲ့တော့သည်။

■





နန္ဒာက တစ်ယောက်တည်း စာထိုင်ဖတ်နေစဉ် ဦးမိုးမြင့် ပြန်လာသည်။ အဖေဖြစ်သူပြန်လာသည်ကို မြင်သည်နှင့် နန္ဒာက ကလေးတစ်ယောက်လို ပျော်မြူးသွားသည်။

"ဟေး .. ဖေဖေပြန်လာပြီ"

ပြောရင်း အဖေဆီသို့ ပြေးသွားလိုက်သည်။ ဦးမိုးမြင့်က သမီးဖြစ်သူ၏ ပခုံးကို ဖက်ထားလိုက်၏။ နန္ဒာက ..

"ဟင် .. ကြီးကြီးရော .. ဖေဖေ"

"သြော် .. သမီးကြီးကြီး .. သူ့အသိနဲ့တွေ့လို့ ဈေးမှာ ခဏ နေခဲ့တယ်။ ပြီးရင် Taxi နဲ့ ပြန်လာလိမ့်မယ်"

"သြော်"

"ကဲ . လာ .. သမီး .. ဖေဖေ ဗိုက်ဆာပြီ။ ဖေဖေတို့ သား အဖ နှစ်ယောက် ထမင်းစားကြရအောင်"

နန္ဒာက ကလေးတစ်ယောက်လို ခေါင်းညိတ်ပြလိုက်သည်။ သားအဖနှစ်ယောက် လျှောက်လာရင်း အိမ်တံခါးဝသို့ အရောက်တွင် အိမ်ထဲမှ ထိတ်လန့်တကြား ပြေးထွက်လာသော အေးမာကို တွေ့လိုက် ရသည်။ သူမမျက်နှာတွင် ချွေးသီးချွေးပေါက်များနှင့် စိုရွှဲနေသည်။ ဦးမိုးမြင့်က ..

"ဟဲ့ .. အေးမာ .. ညည်းဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အေးမာက အသက်ကို ပြင်းပြင်းရှူရင်း တံတွေးကို မျိုချကာ ‥

"ဟို ‥ ဟို ‥ မမလေး ‥ မမလေးရဲ့ အခန်းထဲမှာ"

နန္ဒာက ‥

"ငါ့အခန်းထဲမှာ ဘာဖြစ်လို့လဲ အေးမာရဲ့။ အလန့်တကြားနဲ့"

"မဟုတ်ဘူး မမလေးရဲ့ ‥ ဟို ‥ ဟာလေ"

"ပြောမှာဖြင့် ပြောစမ်း အေးမာ ဘာဖြစ်တာလဲ"

ဦးမိုးမြင့်က စိတ်မရှည်သလို ဝင်ပြောလိုက်သည်။

"ဟုတ် ‥ ကျွန်မ ‥ မမလေးကို ထမင်းစားဖို့ သွားခေါ်တော့ ရေချိုးခန်းထဲမှာ ‥ လူတစ်ယောက် ရေချိုးနေတယ်။ ပြီးတော့"

အေးမာက စောစောက သူမ ဖြစ်ပျက်ခဲ့သမျှ အရာအားလုံးကို ပြောပြလိုက်တော့သည်။

ဦးမိုးမြင့်က ‥

"သြော် ‥ ညည်းပြောချင်တာက သမီးလေးရဲ့ အခန်းထဲမှာ အခြားတစ်ယောက် ရှိနေတယ်ပေါ့ ‥ ဟုတ်လား"

အေးမာက မရဲတရဲ ခေါင်းညိတ်ပြလိုက်သည်။

နန္ဒာက တစ်စုံတစ်ခုကို စဉ်းစားသလို မျက်မှောင်ကုတ်သွားသည်။

ဦးမိုးမြင့်က ‥





"အေး ‥ အဲဒါဆိုရင် လာ ‥ အတူတူသွားကြမယ်။ ရေချိုးနေတယ်ဆိုတော့ ရေချိုးခန်းကြမ်းပြင်မှာ ရေစိုနေရမှာပေါ့။ ကဲ သွားမယ်"

ထို့နောက် ဦးမိုးမြင့်တို့ သုံးယောက်သား အပေါ်ထပ်သို့ တက်လာကြသည်။ နန္ဒာ့အခန်းထဲသို့ ရောက်သောအခါ ဦးမိုးမြင့်က ရှေ့မှ ဝင်သွားပြီး ရေချိုးခန်းတံခါးကို ဆွဲဖွင့်လိုက်သည်။ အေးမာပြောသလို တစ်စုံတစ်ယောက် ရေချိုးထားသည်ကို မတွေ့ရဘဲ ရေချိုးခန်း ကြမ်းပြင်တစ်ခုလုံး ပကတိ ခြောက်သွေ့နေသည်။

အေးမာက အံ့သြရင်း ဇဝေဇဝါဖြစ်သွားသည်။

နန္ဒာကတော့ ဘာကိုမှန်းမသိ စဉ်းစားရင်းနှင့် ငြိမ်သက်နေလေ၏။

"ကဲ ‥ ဘယ်မှာလဲ ‥ ဘာမှမတွေ့ဘူး။ ကြမ်းပြင်မှာလည်း ရေစိုမနေဘူး။ အေးမာ ‥ ညည်းနော်။ ကြုပ်ကြုပ်သတိထား။ ပေါက်တတ်ကရတွေ ပြောမနေနဲ့။ ဟိုမှာ သမီးလေး လန့်မယ်"

အေးမာက ‥

"ဟုတ် ‥ ဟုတ်ကဲ့"

"သြော် ‥ ငါ တစ်ခါတည်း မှာထားမယ်။ ငါ ‥ မနက်ဖြန်ခြံရှင်းဖို့ အလုပ်သမားတစ်ယောက် ခေါ်ထားတယ်။ သူလာရင် လိုအပ်တာ ညွှန်ကြားပေးလိုက်။ ကြားလား။ ကဲ ‥ အခု ထမင်းစားဖို့ သွားပြင်ထား"

အေးမာက ခေါင်းညိတ်ကာ အခန်းထဲမှ ထွက်သွားသည်။

ဦးမိုးမြင့်က သမီးဖြစ်သူ၏ပခုံးကို ဖက်ကာ ‥



www.burmeseclassic.com

www.burmeseclassic.com



''သမီးလေး ‥ ဘာမှမကြောက်နဲ့နော်။ ဘာမှမဟုတ်ဘူး သိလား။ ဖေဖေ ရေချိုးလိုက်ဦးမယ်။ ပြီးရင် ထမင်းစားကြမယ် နော်''

နန္ဒာက ခေါင်းညိတ်ပြတော့ ဦးမိုးမြင့်က နန္ဒာ့အခန်းထဲမှ ထွက်သွားသည်။ နန္ဒာတစ်ယောက်ကတော့ သူမအခန်းပတ်ပတ်လည်ကို မျက်လုံးဝေ့ကြည့်ရင်း အတွေးများနှင့် ရှုပ်ထွေးနေတော့လေသည်။

■





အခန်း (၆)

''ချွမ် ‥ ချွမ် ‥''

အေးမာက ခြံရှေ့မှ ခေါင်းလောင်းဆွဲသံကြောင့် အိမ်ရှင်းနေရာမှ ကပျာကယာ ပြေးထွက်သွားလိုက်သည်။ လူတစ်ယောက် ရပ်နေသည်ကို တွေ့သဖြင့် ‥

''ဟုတ်ကဲ့ ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲရှင်''

''ဪ ‥ ကျွန်တော် ‥ ဖိုးကျော်ပါ။ ဆရာဦးမိုးမြင့် လွှတ်လိုက်တာပါ''

''ခြံရှင်းဖို့ ခေါ်ထားတဲ့လူ ထင်တယ်''

''ဟုတ်ပါတယ် ခင်ဗျ''

အေးမာက ခေါင်းညိတ်ပြလိုက်ပြီး ခြံတံခါးဖွင့်ပေးလိုက်သည်။ ဖိုးကျော်ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အေးမာက ..

"ရှင် .. မနက်စာ ဘာမှမစားရသေးဘူး မဟုတ်လား။ လာ .. ကျွန်မနောက်လိုက်ခဲ့။ ထမင်းစားခန်းထဲမှာ စားစရာရှိတယ်"

"ဟုတ်ကဲ့"

အေးမာက ရှေ့မှ ဦးဆောင်ခေါ်ကာ ဖိုးကျော်က နောက်မှလိုက်လာသည်။ ထမင်းစားခန်းထဲသို့ရောက်သောအခါ ဖိုးကျော်အတွက် မနက်ကဝယ်ထားသည့် အုန်းနို့ခေါက်ဆွဲ ထည့်ကျွေးလိုက်သည်။

"စားနှင့်ဦးနော် .. ကျွန်မ မီးဖိုထဲမှာ ဟင်းအိုးလေး တည်လိုက်ဦးမယ်"

အေးမာက ပြောပြောဆိုဆို မီးဖိုခန်းထဲသို့ ဝင်သွားလိုက်သည်။ ဟင်းချက်ဖို့ ငရုတ်သီးထောင်း၊ ကြက်သွန်နွှာနှင့် အလုပ်ရှုပ်သွားသည်။ အားလုံး ပြင်ဆင်ပြီး၍ ဟင်းအိုးကိုပြင်ကာ မီးဖိုပေါ်တင်လိုက်သည်။

ကြက်သွန်ခွဲများကို ရှဉ်း ငရုတ်ဆုံဆေးနှင့် ၁၅ မိနစ်လောက် ကြာသွားသည်။ ထို့နောက် လက်ဆေးကာ ထမင်းစားခန်းထဲသို့ ဝင်လာလိုက်သည့်အခါ စောစောက မုန့်စားနေသော ဖိုးကျော်ကို မတွေ့ရတော့ပေ။

"ဟင် .. ဘယ်ရောက်သွားတာလဲ . စားတာ မြန်လိုက်တာ"

အေးမာက တစ်ကိုယ်တည်းပြောရင်း အိမ်ရှေ့ဘက်သို့ ထွက်လာလိုက်သည်။ ထမင်းစားခန်းထဲမှ ထွက်၍ အိမ်ရှေ့ဆီသို့ သွားသည့် လမ်းညာဘက်ရှိ အခန်းရှေ့သို့ ရောက်သောအခါ အခန်းတံခါးက ခပ်ဟဟပွင့်နေသည်။ အေးမာက ထိုအခန်းရှေ့မှ ဖြတ်ကျော်သွားချိန်တွင် ခပ်ဟဟပွင့်နေသောတံခါးပေါက်မှတစ်ဆင့် ခုတင်ပေါ်တွင် လူတစ်ယောက်အိပ်နေသည်ကို ဖျတ်ခနဲ မြင်လိုက်ရသည်။

တံခါးအဟမှ အထဲသို့ သေချာကြည့်လိုက်သောအခါ ထိုလူက အခန်းတံခါးပေါက်ကို ကျောခိုင်းကာ စောင်ခြုံပြီး အိပ်နေသည်ကို တွေ့လိုက်ရသည်။

တစ်ကိုယ်လုံး စောင်ခြုံထားသည်ဆိုပေမဲ့ လွတ်နေသည့် ခြေထောက်ပိုင်းကို ကြည့်လိုက်သည့်အခါ ဂျင်းဘောင်းဘီအပြာရောင် အနားစွန်းကို မြင်လိုက်ရသဖြင့် ..

"ဪ .. ဒီလူနှယ် .. အိမ်မှာခိုင်းဖို့ ခေါ်ပါတယ်ဆိုမှ တွေ့ရာအခန်းထဲမှာ လာဝင်အိပ်နေရတယ်လို့ ကျွတ် ."

ဖိုးကျော်ဝတ်ထားသည့် ဂျင်းဘောင်းဘီအပြာရောင်ကို မျက်စိထဲ မြင်ယောင်ရင်း အေးမာက စိတ်ပျက်လက်ပျက် ညည်းညူလိုက်သည်။

ထို့နောက် ဘာလုပ်ရမည်မှန်း မသိဘဲ အိမ်ရှေ့သို့ ဆက်လျှောက်လာမိသည်။ ဘာရယ်မဟုတ် အိမ်တံခါးဝမှ ခြံထဲသို့ ကြည့်လိုက်မိစဉ် ..

"အို .. အံမယ်လေး"

ခေါင်းတစ်ခုလုံး ပွထသွားကာ ကြက်သီးမွေးညင်းများက ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့သွားသည်။ သူမ တွေ့လိုက်ရသည်က ခြံထဲတွင် မြက်ပေါက်နေသော အလုပ်သမားဖိုးကျော်။

ဒါဆို .. အခန်းထဲမှာ .. ဘယ် သူ အိပ် . နေ .. တာ .. လဲ။

■

www.burmeseclassic.com



နန္ဒာက အခန်းထဲတွင် တီဗီထိုင်ကြည့်နေသည်။ ရုပ်ရှင်ဇာတ်ကားထဲ အာရုံဝင်စားနေချိန်၌ သူမ၏ အခန်းတံခါးက အလိုလို ပွင့်လာသည်ကို မြင်လိုက်ရ၏။

"ကျွီ"

နန္ဒာ အံ့သြသွားသည်။

သူမ မျက်လုံး၌ တစ်စုံတစ်ယောက် ဝင်လာသလို မြင်လိုက်ရပြီးနောက် အခန်းတံခါးက အလိုလိုပြန်ပိတ်သွားသည်။

သူမခန္ဓာကိုယ်ကို မတ်ကာ သတိထားလိုက်သည်။ ထိုစဉ် သူမ နောက်ကျောဘက်မှနေ၍ ကုပ်နားဆီမှ လေနှင့်မှုတ်လိုက်သလို နွေးသွား၍ လက်နှင့် ဖျတ်ခနဲ ကိုင်လိုက်သည်။ ဘာမှမရှိ။

"ဘယ်သူလဲ"

နန္ဒာက ခပ်တိုးတိုးမေးလိုက်သည်။ ဘာမှ ပြန်ဖြေသံ မကြားရ။

နန္ဒာက ..

"ငါ မကြောက်ဘူးနော်။ ထွက်ခဲ့ .."

ဟု အော်ပြောလိုက်ပြန်သည်။

ထိုစဉ် သူမ နားရွက်ဆီမှ နွေးခနဲ ခံစားလိုက်ရပြန်သည်။ သူမ စိတ်ဆိုးသွားသည်။

"တောက်! စောက်သရဲက ငါ့ကို လာစနေတယ် ဟုတ်လား။ ကဲဟာ"





နန္ဒာကပြောရင်း သူမဘေးက စားပွဲပေါ်တွင် တင်ထားသည့် ဘောလုံးလေးနှင့် လှည့်ပြီး ပစ်ပေါက်လိုက်သည်။

ဘောလုံးလေးက နံရံကိုထိကာ ကန်ထွက်ပြီး ခုတင်အောက်သို့ ရောက်သွားသည်။ ထို့နောက် ဘောလုံးလေးက အလိုလို ခုတင်အောက်မှလိမ့်ပြီး ပြန်ထွက်လာသည်။ နန္ဒာက မျက်မှောင်ကုတ်ပြီး ကြည့်လိုက်သည်။ အလိုလိုပြန်လိမ့်ထွက်လာသော ဘောလုံးလေးကို ကြည့်ကာ နန္ဒာ့စိတ်ထဲ ပျော်သလို ဖြစ်သွားသည်။

"သြော် .. နင်က ငါနဲ့ ဆော့ပေးသားပဲ။ နင် မဆိုးဘူး။ အခုတော့ နင် နှောင့်ယှက်လို့ ငါလည်း ရုပ်ရှင်ကား ကောင်းကောင်း မကြည့်ရတော့ဘူး။ ငါ့မေမေနဲ့ အပြင်သွားဖို့ ပြောထားလို့ ငါသွားလိုက်ဦးမယ် သိလား"

နန္ဒာက နံရံဆီသို့ ကြည့်ပြီး ပြောလိုက်သည်။ ထို့နောက် သူမက အပြင်သွားဖို့ ပြင်ဆင်ပြီးသားမို့ ပိုက်ဆံအိတ်လေးကို ယူဖို့ ဗီရိုဖွင့်လိုက်သည်။ သို့သော် ဘာကြောင့်မှန်းမသိ။ ဗီရိုထဲတွင် သူမ အမြဲကိုင်နေကျ ပိုက်ဆံအိတ်လေးကို မတွေ့။

နန္ဒာက ခုတင်ပေါ်မှ ခေါင်းအုံးတွေ၊ စောင်တွေကို ဖယ်ပြီး ရှာကြည့်သည်။ သို့သော် လုံးဝမတွေ့။ နန္ဒာ စိတ်ညစ်သွားသည်။

"ဒုက္ခပါပဲ .. ငါ့ပိုက်ဆံအိတ်လေးက ခြေထောက်ပေါက်ပြီး ဘယ်ပျောက်သွားပါလိမ့်"

ထိုအချိန်မှာပင် ခုတင်အောက်မှ လက်တစ်စုံထွက်လာပြီး ရှာနေသည့်ပိုက်ဆံအိတ်လေးကို နန္ဒာ့ခြေထောက်နားသို့ တွန်းပို့လိုက်သည်။



www.burmeseclassic.com

''ဟင်''

တစ်စုံတစ်ခု သူမခြေထောက်ကို လာထိသောအထိအတွေ့ကြောင့် ငုံ့ကြည့်လိုက်သည်။ ပိုက်ဆံအိတ်လေးကို တွေ့သောအခါ သူမ ကြောင်ငေးပြီး ကြည့်နေမိသည်။ ထို့နောက် ကောက်ယူပြီး စိတ်ထဲ ဇဝေဇဝါဖြစ်သွားသည်။

''ငါ ‥ ထင်တာ မှန်နေပြီလား''

သူမက ထိုအခန်းထဲတွင် တစ်စုံတစ်ယောက်ရှိသည်ဟု ထင်ပြီး စကားတွေ ပြောခဲ့သည်။ သို့သော် ထိုအရာက အထင် သက်သက်ပဲမို့ အပြောင်အနောက်ပြောလိုက်ခြင်းပင်။ ယခု သူမ ကြုံရသော အတွေ့အကြုံကြောင့် သူမ စိတ်ထဲ ထင့်ခနဲ ဖြစ်သွားသည်။

ထိုစဉ် သူမ ဦးနောက်ထဲ အကြံတစ်ချက် လက်ခနဲ ပေါ်လာသည်။

သူမက လက်ခလယ်တွင် ဝတ်ထားသည့် လက်စွပ်လေးကို မတော်တဆလိုလိုနှင့် အောက်သို့ ချွတ်ချလိုက်သည်။

လက်စွပ်လေးက ခုန်ပြီး သူမ ခုတင်အောက်သို့ ဝင်သွားသည်။ နန္ဒာက ဆင်ကာပ်ပွဲကြည့်ရသည့် စိတ်လှုပ်ရှားမှုများဖြင့် စောင့်ကြည့်နေသည်။

ထိုစဉ် ခုတင်အောက်ဝင်သွားသော လက်စွပ်လေးက သူ့အလိုလို ပြန်ထွက်လာသည်ကို အံ့ဩဖွယ် တွေ့လိုက်ရတော့သည်။

တစ်ပြိုင်နက်တည်း နန္ဒာ့မျက်နှာလေးမှာ ဝင်းပပြုံးရွှင်သွားတော့သည်။

''ဒီမှာ ‥ နင် ဒီအခန်းထဲမှာ ရှိနေတာ ငါသိတယ်။ နင်နဲ့ညမှ တွေ့မယ်။ ငါပြောတာ ကြားလား''

နန္ဒာက ထိုသို့ပြောနေစဉ်မှာပင် သူမအခန်းပြင်တွင် အေးမာ ရောက်လာသည်။ အထဲမှ စကားပြောသံများကြောင့် အေးမာက တံခါး နားနားကပ်ကာ နားထောင်လိုက်သည်။ အံ့ဩထူးဆန်းဖွယ် ကြားလိုက်ရသော အထဲမှစကားပြောသံများကြောင့် အေးမာ နားမလည်နိုင် ဖြစ်သွားသည်။ ထို့နောက် မရဲတရဲနှင့် တံခါး ခေါက်လိုက်သည်။

''ခေါက် ‥ ခေါက် ‥ မမလေး ‥ ဆရာခေါ်နေပြီ။ ပြီးပြီလား တဲ့''

အပြင်မှအသံကြောင့် နန္ဒာက ကပျာကယာ အခန်းပြင်သို့ ပြေးထွက်လိုက်သည်။

အခန်းအပြင်သို့ ရောက်သောအခါ အထဲမှ ‥

''ဒိုင်း ‥''

ဟူသောအသံကို ကြားလိုက်ရပြီး နန္ဒာပိတ်ဖို့ မေ့နေသည့် ဗီရိုတံခါးက အလိုလို ပြန်ပိတ်သွားတော့သည်။

■


www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်တွင် လမင်းကြီးက ပြည့်ပြည့်ဝဝသာနေလေသည်။ လမင်းကြီး၏အလင်းရောင်ကြောင့် သူ့ဘေးတွင်ရှိနေသည့် ကြယ်ကလေးများပင် အရောင်မထွက်ဖြစ်နေတော့သည်။

ထိုစဉ် မိုးတိမ်မည်းများ ရုတ်တရက်ရောက်လာပြီး လမင်းကြီးကို ဖုံးအုပ်လိုက်သည့်အခါ ညကို ကတ္တီပါအနက်ရောင်စ အုပ်မိုးလိုက်သလို မှောင်မည်းစိုစွတ်သွားတော့၏။

လူသားအားလုံး အိပ်မောကျနေသည့် ညနက်နက်တွင် နန္ဒာတစ်ယောက်ကတော့ မအိပ်နိုင်ဘဲ Ouija Board ဟုခေါ်သည့် ဝိညာဉ်နှင့် ဆက်သွယ်သော အင်္ဂလိပ်စာလုံး ကားချပ်လေးကို ရှေ့တွင် ချကာ ကွင်းလေးနှစ်ကွင်းနှင့် အလုပ်ရှုပ်နေသည်။

"ငါက ဒီဘက်က ထိရုံလေးထိထားမယ်။ နင်က ဟိုဘက်ကနေ ရွှေ့နော် . . ဟုတ်ပြီလား"

နန္ဒာက ပြောပြီး သူမရှေ့တွင် အရိပ်အယောင်ကိုများ တွေ့မလားဟူသည့် ပုံဖြင့် ဟိုဟိုဒီဒီကြည့်လိုက်သည်။ ပြီးနောက် . .

"ငါ . . ပြောတာ သဘောပေါက်လား'

နန္ဒာ့အမေးအဆုံးတွင် Board ပေါ်တွင် တင်ထားသည့် ကွင်းကလေးက လှုပ်ရှားသွားသည်။ နန္ဒာက ကျေနပ်စွာ ပြုံးလိုက်သည်။

တစ်ဖက်တွင် ကွင်းကလေးကို နန္ဒာက လက်နှစ်ဖက်ဖြင့် ထိထားသည်။





"ကဲ . . ငါစပြီး မေးမယ်နော်။ နင့်နာမည် ဘယ်လိုခေါ်လဲ"

နန္ဒာထိထားသည့် ကွင်းကလေးက အလိုလိုပင် ရွှေ့သွားပြီး အင်္ဂလိပ်အက္ခရာ 'B' နှင့် 'O' ပေါ်သို့ နှစ်ကြိမ်တိတိ ရွှေ့ပြသည်။

"ဩော် . . နင့်နာမည်က ဘိုဘိုတဲ့လား။ နင်က ဒီအိမ်မှာ နေတာလား"

နန္ဒာက စိတ်လှုပ်ရှားစွာ ကြည့်နေမိ၏။

ကွင်းကလေးက နန္ဒာ၏ဘယ်ဘက်တွင် ရေးထားသော နေပုံနှံ 'Yes' ဆိုသည့်ပေါ်သို့ ရွှေ့ပြသည်။

နန္ဒာက . .

"ဘာလဲ . . နင်က သရဲလား"

ကွင်းကလေးက အင်္ဂလိပ်အက္ခရာ၏အောက် နန္ဒာ၏ ဘယ်ဘက်တွင် ရေးထားသော 'NO ANSWER' သို့ ရွှေ့ပြသည်။

နန္ဒာက . .

"ဩော် . . အေးလေ . . နင် မကြိုက်ရင်လည်း မမေးတော့ပါဘူး။ နင်က ငါ့ကို ဒုက္ခပေးမယ့်သူတော့ မဟုတ်ပါဘူးနော်"

ကွင်းလေးက အင်္ဂလိပ်အက္ခရာ၏အပေါ် ညာဘက်ထောင့်တွင် ရေးထားသော 'No' ဆိုသည့်ပေါ်သို့ ရွှေ့ပြသည်။

နန္ဒာ သဘောကျသွားသည်။ ထို့နောက် . .

"ဒါဆို နင်နဲ့ငါက သူငယ်ချင်းတွေ ဖြစ်သွားကြပြီပေါ့နော်"

ကွင်းလေးက အင်္ဂလိပ်အက္ခရာများ၏အပေါ် ဘယ်ဘက်ထောင့်တွင် ရေးထားသော 'Yes' ဆိုသည့် ပေါ်သို့ ရွှေ့ပြသည်။ နန္ဒာက တစ်ချက်ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



''သိလား ဘိုဘို၊ ငါတို့အိမ်မှာ ကြီးကြီးနဲ့ဖေဖေ အပြင်သွား ကြပြီဆိုရင် ဒီအိမ်ကြီးထဲမှာ ငါတစ်ယောက်တည်း နေခဲ့ရ တာဟ။ ငါ သိပ်ပျင်းတာပဲ သိလား။ အခု နင်နဲ့ငါ သူငယ်ချင်း တွေ ဖြစ်ပြီဆိုတော့ အခုလို အမြဲစကားပြောလို့ရအောင် ငါ ဘယ်လိုလုပ်ရမလဲဟင်''

တစ်ဖက်မှ မည်သည့်တုံ့ပြန်သံမှ မကြားရဘဲ ခဏ္တ တိတ်ဆိတ် နေသည်။ တော်တော်လေးကြာမှ ကွင်းကလေးက စပြီး လှုပ်ရှားလာ သည်။ ကွင်းလေးက အင်္ဂလိပ်အက္ခရာ 'R' ဆီသို့ တဖြည်းဖြည်း ရွေ့ပြ သည်။ ထို့နောက် နှင်းဆီပန်းဆိုပြီး အင်္ဂလိပ်အက္ခရာအပြည့်အစုံ ကို ညွှန်ပြလိုက်တော့သည်။

''ဟင် ‥ နှင်းဆီပန်းဟုတ်လား။ နှင်းဆီပန်းကို ငါက ဘယ်လို လုပ်ရမလဲ''

ထို့နောက် ကွင်းလေးက သူပြောချင်သည့် အဓိပ္ပာယ်ကို အင်္ဂလိပ်အက္ခရာစာလုံးလေးများနှင့် ပြတော့သည်။



''ကြေးလင်ပန်းလေးထဲကို ကျောက်စရစ်ခဲလေးတွေ ထည့် ရမယ် ဟုတ်လား။ ပြီးရင် အဲဒီအပေါ်ကို နှင်းဆီပန်း တင် ထားရမယ်။ အေး ‥ အေး ‥ ရပြီ ‥ ရပြီ''

နန္ဒာက သူမရှေ့တည့်တည့်တွင် ဘိုဘိုရှိနေမည်ကို မှန်းပြီး ရယ်ပြလိုက်သည်။

''နင်နဲ့ခင်ရတာ ငါ သိပ်ပျော်သွားပြီ ဘိုဘိုရေ။ အခုတော့ ညဉ့်နက်နေလို့ ငါ အိပ်တော့မယ်။ နောက်နေ့မှ နင်နဲ့ ပြန်တွေ့ မယ်နော်။ ဂွတ်နိုက်''

နန္ဒာက ဘုတ်ပြားလေးကို ပြန်သိမ်းလိုက်ပြီးနောက် အိပ်ရာ ပေါ်သို့ လှဲကာ အိပ်လိုက်တော့သည်။ တိတ်ဆိတ်ခြင်း၏ အသံများက အခန်းတစ်ခုလုံး လွှမ်းသွားသည်။ ညသည် ငြိမ်းချမ်းစွာ အိပ်မောကျ နေလေပြီ။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"ဟော့ကောင် . . အောင်မင်း၊ မင်းပြောတဲ့ ကြေးခေါင်းလောင်းကို ငါ သွားကြည့်ပြီးပါပြီကွာ။ အဲဒါကြီးက သိပ်မဟုတ်ပါဘူး"

ဦးမိုးမြင့်က ဖုန်းပြောရင်း ထမင်းစားပွဲတွင် ဝင်ထိုင်လိုက်သည်။ တစ်ဖက်မှ ပြန်ပြောသံကို နားထောင်ပြီး . .

"ငါပြောတာ ယုံစမ်းပါကွာ။ မင်းအတွက်နဲ့ မိမှာစိုးလို့ စေတနာနဲ့ ပြောနေတာ။ သူတို့ပြောသလို ပင်းယခေတ်လက်ရာတို့၊ ဘာတို့ဆိုတာ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ။ ခေါင်းလောင်းပေါ်က အရုပ်တွေက ခမာလက်ရာတွေ ဥစ္စာ"





ဦးမိုးမြင့် ဖုန်းပြောနေစဉ်တွင် အေးမာက ဦးမိုးမြင့်ရှေ့သို့ ကော်ဖီခွက်နှင့် မုန့်ဟင်းခါးပန်းကန် ချပေးလိုက်သည်။ ထို့နောက် အေးမာက ဦးမိုးမြင့်၏ မျက်နှာရိပ်မျက်နှာကဲကို အကဲခတ်နေလေ၏။

ဦးမိုးမြင့်က ရှေ့တွင်ချပေးထားသော ကော်ဖီခွက်ကို တစ်ငုံငုံသောက်လိုက်ပြီးနောက် . .

"ဟား . . ဟား . . ငါ့ကိုတော့ ဘာတ်လို့ ဘယ်ရမလဲကွာ။ Antique လောကမှာ မိုးမြင့်က 'ကျား'ကွ။ ကျားမှ တကယ့် ကိုးတောင်ကျား။ မင်းသဘောပေါက်တယ်မဟုတ်လား . . ဟား . . ဟား . . ပေါက်ရင်လည်း ပြီးတာပါပဲကွာ။ ဒါပဲ သူငယ်ချင်း . အေး . . အေး"

ဦးမိုးမြင့်က ဖုန်းချပြီး မုန့်ဟင်းခါးပန်းကန်ထဲရှိ ဇွန်းကို ကိုင်လိုက်ပြီး . .

"ဟဲ့ အေးမာ . . သမီးရော။ Breakfast လာမစားဘူးလား"

"စားပြီးသွားပြီလေရှင်။ စောစောကလေးတင် အပေါ် ပြန်တက်သွားတယ်"

"အေး . . အေး ပြီးရော။ ရေနွေးကို ခွက်ကြီးကြီးနဲ့ ထည့်ပေးစမ်းဟာ"

ဦးမိုးမြင့်က ပြောပြီးမှ တစ်ခုခု ထူးခြားနေသော အေးမာ၏ မျက်နှာကို သတိထားမိသွားပြီး . .

"ဟဲ့ . . ညည်းပုံစံကို ကြည့်ရတာ ဘာဖြစ်နေတာလဲ။ မျက်နှာက . ."



www.burmeseclassic.com

www.burmeseclassic.com



အေးမာက ဦးမိုးမြင့်အမေးကြောင့် အထစ်ထစ်အငေါ့ငေါ့ဖြင့်

''ကျွန် ‥ ကျွန်မ ကြောက်လို့ပါ ဆရာ''

''ဘာ ‥ ကြောက်လို့ ဟုတ်လား။ ကြောက်ရအောင် နင့်ကို ဘယ်သူခြောက်ထားလို့လဲ''

''မ ‥ မဟုတ်ဘူးဆရာ။ ဒီ ‥ ဒီအိမ်ကြီးကလေ ‥ ဟို တစ်မျိုးကြီးပဲ''

''ဘာ တစ်မျိုးကြီးလဲ။ ညည်းရပ်ကွက်ထဲက ဟိုလူဒီလူတွေ ပြောတာ လျှောက်နားထောင်လာပြီမဟုတ်လား။ အလကား အဓိပ္ပာယ်မရှိတာတွေ။ အိမ်ပဲ။ နံရံလေးဖက်ရှိတယ်၊ အမိုး ရှိတယ်။ ဒါပဲပေါ့။ ဘာမှ တစ်မျိုးကြီးတွေ၊ နှစ်မျိုးကြီးတွေ မရှိဘူး''

ဦးမိုးမြင့်၏အပြောကြောင့် အေးမာမှာ ဆက်ပြောဖို့စကားပင် မထုံမရဲဖြစ်သွားသည်။ သို့သော် အားတင်းပြီး ‥

''မဟုတ်ဘူးဆရာ။ ခုတစ်လော မမလေးကလည်း သူ့အခန်း ထဲမှာ တစ်ယောက်တည်း စကားတွေ ပြောနေတယ်''

အေးမာ၏စကားကြောင့် ဦးမိုးမြင့် ဆတ်ခနဲ ခေါင်းထောင် သွားသည်။

''ဘာ ‥ တစ်ယောက်တည်း စကားတွေ ပြောနေတယ် ‥ ဟုတ်လား''

''ဟုတ်တယ်ဆရာ။ အဲ ‥ အဲဒါ သွေးရိုးသားရိုးမှ ဟုတ်ရဲ့ လားလို့ ကျွန်မ စိုးရိမ်နေတာ''

ဦးမိုးမြင့်မှာ သမီးဖြစ်သူ၏သတင်းကြောင့် ရင်ဝကို ဆောင့်





ဆန့်လိုက်သလို အောင့်မျက်သွားသည်။ သူ့စိတ်ထဲတွင် သမီးဖြစ်သူ၏ စိတ်ဝေဒနာ ပြန်ဖောက်လာပြီဟု ထင်သွားသည်။ ဦးမိုးမြင့်က သက်ပြင်း ချပြီး ပန်းကန်ကို ရှေ့သို့ ဆောင့်တွန်းပစ်လိုက်သည်။

ဆရာဖြစ်သူ၏ အပြုအမူကြောင့် အေးမာက သူမစကား မှားသွားပြီဟု ထင်ကာ အလုပ်ထုတ်မည်ကို စိတ်ပူပြီး ‥

''ဆရာ ‥ ဆရာ ‥ ကျွန်မပြောတာ အမှားပါသွားလားဟင်။ ကျွန်မကို ဟို ‥ ဟို စိတ်မဆိုးပါနဲ့ ဆရာရယ်''

ဟု ပျာပျာသလဲ တောင်းပန်လိုက်သည်။

အေးမာ၏ တောင်းပန်ပုံကို ရိပ်မိသွားသော ဦးမိုးမြင့်က လက်ကာပြပြီး ခေါင်းခါလိုက်သည်။ ထို့နောက် ခဏကြာအောင် ငိုင်နေ ပြီးမှ ‥

''အေးမာ ‥ သမီးကို သေသေချာချာ ဂရုစိုက်။ ညည်း ပေါက်ကရတွေ လျှောက်တွေးပြီး ကြောက်မနေနဲ့။ သမီး စိတ်ဝေဒနာက လုံးလုံးပျောက်သေးတာမဟုတ်ဘူး။ သူ့အမေ ကို အရမ်းသတိရတဲ့အခါဆို တစ်ချက်တစ်ချက် ပြန်ပြန် ဖောက်တယ်။ ဟင်း ‥ ငါ့သမီးလေး ကံဆိုးလိုက်တာကွာ''

ဦးမိုးမြင့်က နောက်ဆုံးစကားလေးကို ကြေကြေကွဲကွဲရေရွတ် ပြီး စိတ်ပျက်လက်ပျက်ဖြင့် လေးကန်စွာ ထထွက်သွားလိုက်သည်။ အခန်းဝအနားရောက်မှ လှည့်ပြီး ‥

''ဪ ‥ အေးမာ။ သမီးက သူ့အမေကို လွမ်းတဲ့အချိန်ဆို သူ့အမေရဲ့ဆွဲကြိုးလေးကို ထုတ်ထုတ်ကြည့်တတ်တယ်၊ အဲဒီ အခါကျရင် သတိထားပြီး အလိုက်အထိုက်ဆက်ဆံနော်။

www.burmeseclassic.com



မေမေပြန်လာတော့မှာပါ ဘာညာနဲ့ ချော့မော့ပြောပေး၊ သူ့စိတ်ထဲမှာ သူ့အမေသေသွားပြီဆိုတာကို ခုထိ လက်မခံနိုင်သေးဘူး၊ သဘောပေါက်လား"

"ဟုတ် . . ဟုတ်ကဲ့ . ဆရာ"

ဦးမိုးမြင့်က ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းရင်း ထွက်သွားတော့သည်၊

■





ညက အတော်လေး ညဉ့်နက်နေပြီ။ ဒီနေ့ ဦးမိုးမြင့်က သူစပ်ပေးလိုက်သည့်တစ်ခု အရောင်းအဝယ်ဖြစ်သဖြင့် သူငယ်ချင်းတွေ ရှိုးပြီး လုပ်ငန်းအောင်မြင်သည့်အထိမ်းအမှတ်ပွဲတက်ပြီး ပြန်လာခဲ့သည်။

ပြီးတော့ သူငယ်ချင်းတွေက အတင်းဖွတ်တိုက်သဖြင့် လုပ်ငန်းသဘောအရ အနည်းငယ်သောက်လာမိသည်။ ယောက်ျားသဘာဝ သောက်လေ့သောက်ထရှိသော်လည်း မသောက်ဖြစ်တာ ကြာပြီမို့ လူက ၂ ပက်၊ ၃ ပက်နဲ့တင် ယိုင်နေလေပြီ။

အိမ်ကို မနည်းရောက်အောင် ကားမောင်းပြီး ပြန်လာခဲ့ရသည်။ သူ အိမ်ရောက်တော့ ရပ်ကွက်ထိပ် ကင်းတဲနာရီအချက်ပေးသံ ၁၂ ချက်တိတိ ကြားလိုက်ရသည်။

ဦးမိုးမြင့်က ကားကို ခြံထဲတွင် ရပ်လိုက်ပြီး ကားပေါ်မှ မလဲအောင် ထိန်းရင်း ဆင်းလာခဲ့သည်။ ထို့နောက် ခြံတံခါးကို သော့ခတ်ပြီး အိမ်ထဲသို့ ဝင်လာသည်၊ အိမ်တစ်အိမ်လုံး မှောင်မည်းနေသည်။

အိမ်ရှေ့ခန်းမီးကို ဖွင့်မည်ပြုပြီးမှ မဖွင့်တော့ဘဲ အမှောင်ထဲတွင် စမ်းကာ လှေကားအတိုင်း အပေါ်သို့ တက်လာခဲ့သည်။

အခန်းထဲသို့ရောက်သောအခါ ဦးမိုးမြင့်က ဝတ်ထားသည့် အင်္ကျီများကိုချွတ်ပြီး ခုတင်ပေါ် ခဏလှဲနေသည်။ မှေးခနဲ အိပ်ပျော်သွားသည်၊ သို့သော် သူ့ခန္ဓာကိုယ်တစ်ခုလုံးက ရုတ်တရက်ပူကာ ချွေးများ ပြန်လာသည်၊ ကြိုးစားပြီး ဆက်အိပ်သော်လည်း အိပ်လို့ မပျော်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ဦးမိုးမြင့်က သက်ပြင်းမွဲမွဲချရင်း လှဲနေရာမှ ထလိုက်သည်။ အဝတ်တန်းပေါ်မှ စွပ်ကျယ်တစ်ထည်ကို ယူဝတ်လိုက်ပြီးနောက် အခန်းထဲမှ ထွက်လာလိုက်သည်။

ထို့နောက် လှေကားအတိုင်း ပြန်ဆင်းရင်း ခြံထဲသို့ ထွက်လာခဲ့သည်။ လေတိုက်နေသဖြင့် ဦးမိုးမြင့် နေသာထိုင်သာ နည်းနည်းရှိသွားသည်။ ပိုပြီး လန်းသွားစေရန် ဦးမိုးမြင့်က ခြံထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။

ထိုစဉ် ရုတ်တရက် သူ့အကြည့်က သမီးဖြစ်သူ၏ အခန်းပြတင်းပေါက်သို့ ရောက်သွားစဉ် ..

"ဟာ .."

ဦးမိုးမြင့် ကြောင်သွားသည်။ ပြတင်းပေါက်မှ လူတစ်ယောက်က သူ့ကို ရပ်ပြီးကြည့်နေသည်ကို မြင်လိုက်ရသည်။

ရုတ်တရက်လျှင်မြန်သောအရှိန်နှင့် ချာခနဲ လှည့်ကာ အိမ်ထဲသို့ ပြေးဝင်လိုက်သည်။ ထို့နောက် လှေကားကို ဒုန်းစိုင်းတက်လာပြီး သမီးဖြစ်သူ၏ အခန်းဆီသို့ သွားလိုက်သည်။ နဖူးမှ စီးကျလာသည့် ချွေးများကို လက်နှင့်သပ်ချလိုက်၏။

အခန်းရှေ့သို့ ရောက်သောအခါ တံခါးကို ဆွဲဖွင့်ဖို့ လက်ပြင်လိုက်စဉ်တွင် အခန်းထဲမှ သမီးဖြစ်သူ၏ စကားပြောသံကို ကြားလိုက်ရသည်။ ဦးမိုးမြင့် အံ့ဩသွားသည်။ တစ်ပြိုင်နက် သမီးအတွက်လည်း စိတ်ပူသွားပြီး အခန်းတံခါးကို ဆွဲဖွင့်လိုက်သည်။

"ဟင်"





အခန်းထဲတွင်ကား ခုတင်ပေါ်တွင် နှစ်ခြိုက်စွာ အိပ်မောကျနေသော နန္ဒာကို တွေ့လိုက်ရသည်။ ဦးမိုးမြင့်က သူ့ကိုယ်သူ နားမလည်ဖြစ်သွားသည်။

"သြော် .. ငါ မူးနေလို့ ဖြစ်မှာပါလေ။ တော်သေးတယ်။ သမီးလေးက အိပ်ပျော်နေလို့။ နို့မို့ဆို သမီး လန့်ဦးမယ်"

ဦးမိုးမြင့်က တစ်ကိုယ်တည်း တွေးရင်း အခန်းထဲမှ လှည့်ထွက်လာခဲ့တော့သည်။ သူ မမြင်လိုက်သည်က အခန်းထောင့်တွင် ထိုင်နေသော လူတစ်ယောက်ကိုပင်။



www.burmeseclassic.com

www.burmeseclassic.com



နေရောင်ခြည်က ရွှေမှုန်တွေ ပက်ဖျန်းထားသလို ဝင်းပနေသည်။ နန္ဒာက အိပ်ရေးဝဝအိပ်ပြီးပြီမို့ လန်းဆန်းစွာ အခန်းထဲမှ ထွက်လာသည်။ ထို့နောက် မနက်စာစားရန် အောက်ထပ်သို့ ဆင်းသွားလိုက်၏။

ထိုသို့ဖြင့် ခဏအကြာတွင် ဦးမိုးမြင့်က ဖုန်းပြောရင်း အခန်းထဲမှ ထွက်လာသည်။

"ဟုတ်တယ် အစ်မ။ ကျွန်တော် ရွှေအပတ်ထဲ ခရီးသွားရမှာမို့လို့ အစ်မ အိမ်မှာ ခဏလာနေပေးပါဦးနော်"

"x x x x"

"ဟုတ်ကဲ့ . . ဟုတ်ကဲ့ အစ်မ။ ဒါပဲနော်"

ဦးမိုးမြင့်က ဖုန်းကိုပိတ်ပြီး သမီးဖြစ်သူ၏ အခန်းရှေ့သို့ ရောက်လာသည်။

"ဒေါက် . . ဒေါက် . ."

"သမီးရေ . . မနက်စာ စားရအောင်လေ . . နိုးပြီလား"

ဦးမိုးမြင့်က အော်ခေါ်ရင်း အခန်းတံခါးကို ခေါက်လိုက်သည်။ အထဲမှ ပြန်ဖြေသံ မကြားရ။

"ဪ . . သမီးလေးက မနိုးသေးဘူးထင်တယ်"

ပြောပြောဆိုဆိုနှင့် ဦးမိုးမြင့်က တံခါးကို ဆွဲဖွင့်လိုက်သည်။

"ဗျို . ."

အခန်းထဲသို့ မျက်လုံးဝေ့ကြည့်လိုက်သည့်အခါ အိပ်နေသည့် သမီးဖြစ်သူကို မတွေ့ရ။ အခန်းတစ်ခုလုံး ရှင်းနေသည်။





"ရေချိုးခန်းများ ဝင်နေသလား"

တစ်ကိုယ်တည်း ခပ်တိုးတိုးပြောရင်း ရေချိုးခန်းဘက်ဆီသို့ ကြည့်လိုက်မိစဉ် ရေခန်းခန်းတံခါးအဟကြားတွင် ဂျင်းဘောင်းဘီ ဖော်ထားသော ခြေတစ်စုံကို တွေ့လိုက်ရသည်။

"ဟာ . ."

ဦးမိုးမြင့်က ဒေါသထွက်ပြီး တံခါးကို ဆွဲဖွင့်လိုက်သည်။

သို့သော် ရေချိုးခန်းထဲ၌ ဘယ်သူမှမရှိဘဲ ဟာတိ ခြောက်သွေ့သန့်ရှင်းနေ၏။

သူ အနည်းငယ် ဒေါသထွက်သွားသည်။ ထို့ကြောင့် သူက ကြောက်စိတ်တစိုးတစိမှမရှိဘဲ အခန်းပတ်ပတ်လည် လျှောက်ကြည့်လိုက်သည်။

သို့သော် ဘာမှမတွေ့ရသဖြင့် စိတ်လျှော့ကာ အခန်းထဲမှ ပြန်ထွက်လာခဲ့တော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးမြင့်တို့သားအဖက အမျိုးသားပြဇာတ်ရုံတွင်လုပ်သော စတိတ်ရှိုးပွဲသို့သွားရန် ပြင်ဆင်ပြီး ထွက်လာကြသည်။ ဦးမိုးမြင့်က စတိတ်ရှိုးကိုကြည့်ဖို့ သိပ်ပြီး ဝါသနာမပါပေမဲ့ သမီးဖြစ်သူက ကြည့်ချင်တယ်ဆို၍သာ လိုက်ပို့ရခြင်းဖြစ်သည်။

သမီးဖြစ်သူ ကျေနပ်ပြုံးပျော်နေတာကို ကြည့်ရင်း ဦးမိုးမြင့် ရင်ထဲ ပီတိဖြစ်သည်။ အခုလည်း သမီးလေးက စတိတ်ရှိုးကြည့်ဖို့ တက်ကြွနေသည်။

အေးမာက ဦးမိုးမြင့်တို့သားအဖ အောက်ထပ်ဆင်းလာသည်ကို မြင်သည်နှင့် နန္ဒာ၏ ဖိနပ်တစ်ရန်ကို ဖိနပ်စင်မှ ယူ၍ ပေးလိုက်၏။

ဦးမိုးမြင့်က ..

"ဟဲ့ .. အေးမာ .. ညည်း မြောက်ဒဂုံက အဒေါ်ရဲ့အိမ်ကို သွားမလို့ဆို"

"ဟုတ်ကဲ့ ဆရာ"

"ညည်းက ဘယ်အချိန်သွားမှာလဲ။ မိုးချုပ်ခါနီးနေပြီ"

"ဟုတ်ကဲ့ပါဆရာ။ စောစောကလေးတင် ကျွန်မအဒေါ် ဖုန်းဆက်ပါတယ်။ သူလူလွှတ်ပြီး ခေါ်ခိုင်းမယ်လို့ ပြောပါတယ် ဆရာ"

"အေး .. အေး .. ဟုတ်ပြီ။ ဒါနဲ့ ညည်းက ဘယ်နှရက်ကြာမှာလဲ"

"မနက်ဖြန်ညနေဆို ပြန်ရောက်ပါပြီ ဆရာ။ မနက်ဖြန်မနက် အစောကြီး အရုဏ်ဆွမ်းကပ်မှာဆိုတော့ ကျွန်မကို ဒီည ကတည်းက လာအိပ်ဖို့ ခေါ်ထားလို့ပါ"

"ဟုတ်ပါပြီ။ သွားရင် .. အိမ်တံခါးတွေကို သေချာပိတ်သွားကြားလား။ ငါ စိတ်ချမယ်နော်"

"ဟုတ်ကဲ့ .. စိတ်ချပါ ဆရာ"

ဦးမိုးမြင့်တို့က ပြောပြီး အပြင်သို့ ထွက်သွားလိုက်ကြသည်။ ကားပေါ်တက်ပြီး ကားစက်နှိုးကာ မောင်းထွက်လိုက်၏။ ကားဘီး ၁၀ လိမ့်လောက်အကြာမှ ဧည့်ခန်းက စားပွဲပေါ်တွင် ကျန်နေခဲ့သော ဦးမိုးမြင့်၏ ဖုန်းကို အေးမာ သတိထားလိုက်မိသည်။

"ဟောတော့ .. ဆရာတော့ ဖုန်းမေ့ခဲ့ပြီ"

အေးမာက ပြောရင်း နောက်ဖေးမီးဖိုချောင်ထဲတွင် လုပ်စရာရှိသည်များ လက်စသတ်ရန် ဝင်သွားတော့သည်။

■

www.burmeseclassic.com



## အခန်း (၈)

ည မှောင်ရီပျိုးစအချိန်တွင် အောင်သုခကားဂိတ်တွင်းသို့ ရန်ကုန် – မော်လမြိုင်ကားကြီး ထိုးဆိုက်လာသည်။ ခရီးသည်များက ကားပေါ်မှ အလျှိုလျှိုဆင်းကုန်ကြသည်။

ကြီးကြီးသန်းလည်း တခြားခရီးသည်များနှင့်အတူ ကားပေါ်မှ ဆင်းလိုက်သည်။ တကယ်ဆို မနက်ဖြန်မှ ရန်ကုန်တက်လာဖို့ စဉ်းစားထားသည်။ သို့သော် မနက်ဖြန်အတွက် ကားလက်မှတ်မရတော့သဖြင့် ရရာနေ့မှာပဲ လိုက်လာခဲ့ခြင်းဖြစ်သည်။

ကြီးကြီးသန်းက ကားဂိတ်အပြင်ဘက်တွင် လက်ဆွဲအိတ်ကို ချကာ လက်ပွေ့အိတ်ထဲမှ ဖုန်းကို ထုတ်လိုက်သည်။ နဖူးပေါ်မှ စီးကျလာသည့် ချွေးကို လက်ကိုင်ပဝါနှင့် သုတ်လိုက်၏။ ထို့နောက် ကြီးကြီးသန်းက မောင်ဖြစ်သူ၏ ဟန်းဖုန်းကို ခေါ်လိုက်သည်။ ဖုန်းဝင်သွားသည်။





သို့သော် ဖုန်းဝင်သွားသည့်အသံ ဆုံးသည့်တိုင်အောင် တစ်ဖက်မှ ပြန်ဖြေသံ မကြားရ။

"ဩော် . . ငါ့မောင်တစ်ယောက် ရေချိုးခန်းတွေ၊ ဘာတွေများ ဝင်နေသလား"

ကြီးကြီးသန်းက စိတ်ထဲမှတွေးရင်း ထပ်ခေါ်လိုက်ပြန်သည်။ သို့သော် တစ်ဖက်တွင် ဖုန်းပြန်ဖြေမည့်သူ မရှိ။

"ဟင်း"

ကြီးကြီးသန်းက သက်ပြင်းချပြီး အိမ်ကြိုးဖုန်းကို ခေါ်လိုက်၏။ ခေါ်နေရင်း တန်းလန်း ဖုန်းလိုင်းကျသွားသည်။

"ဟာ . . ဒုက္ခပါပဲ . . ဒီဖုန်းလိုင်းကလည်း"

ကြီးကြီးသန်းက ပြောရင်း ဖုန်းထပ်ခေါ်လိုက်ပြန်သည်။ ဒီတစ်ကြိမ်တော့ တစ်ဖက်က ဖုန်းကိုင်လိုက်သည်။

"ဟယ်လို . . ဟဲ့ . . ဘယ်သူလဲ အေးမာလား"

". . . . . . . . ."

"ဟဲ့ . . ဩော် . . ငါမေးနေတယ်လေ . . အေးမာ ငါဟဲ့ . . ကြီးကြီးသန်း"

တစ်ဖက်မှ ဖုန်းခွက်နားကပ်ပြီး အသက်ရှူသံပြင်းပြင်းကြီးပဲ ကြားနေရသည်။

"ဟင်း . . ဟင်း . . ဟင်း"

ကြီးကြီးသန်းက အံ့ဩသွားရင်း တစ်ပြိုင်နက် အေးမာကို စိတ်ဆိုးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးမာ ‥ နင် ဘာဖြစ်လို့ ဖုန်းခွက်နားကပ်ပြီး အသက်ရှူနေရတာတုန်း။ ဒုက္ခပါပဲ။ ငါအခု ရန်ကုန်ရောက်နေပြီ။ မောင်မိုးကို ပြောလိုက်။ ငါ့ဘာသာ တက္ကစီငှားပြီး လာခဲ့တော့မယ်လို့။ ကြားလား"

"ဟင်း ‥ ဟင်း ‥ ဟင်း"

တစ်ဖက်မှ ဘာမှပြန်မပြောဘဲ အသက်ရှူသံပြင်းပြင်းကြီးသာ ဆက်တိုက်ကြားနေရသည်။ ကြီးကြီးသန်းလည်း အာရုံနောက်လာသဖြင့် ‥

"အေးမာ ‥ ဒါပဲ။ ငါ အခုလာပြီ"

ကြီးကြီးသန်းက ပြောပြီး ဖုန်းချကာ ဖုန်းကို ပိုက်ဆံအိတ်ထဲ ပြန်ထည့်လိုက်သည်။ ထို့နောက် တက္ကစီတစ်စီးကို လက်ကာပြတားပြီး အိမ်သို့ ပြန်လာလိုက်၏။

အိမ်ရှေ့သို့ ရောက်သောအခါ ခြံတံခါး သော့ခတ်ထားသည်ကို တွေ့လိုက်ရသည်။ တစ်အိမ်လုံးလည်း မှောင်မည်းနေလေ၏။

"ဟင် ‥ ဘယ်လိုဖြစ်တာလဲ"

ကြီးကြီးသန်းက အံ့သြသွားပြီး လက်ဆွဲအိတ်ထဲမှ ခြံသော့အပိုကို ထုတ်ယူလိုက်သည်။ ထို့နောက် ခြံတံခါးကို ဖွင့်ကာ အထဲသို့ ဝင်လိုက်သည်။ အိမ်ထဲ ရောက်သောအခါ မှောင်မည်းနေ၍ မီးခလုတ်ကို စမ်းကာ ဖွင့်လိုက်သည်။ လိုလိုပိုပို အိတ်ထဲက ဓာတ်မီးသေးသေးလေး တစ်လက်ပါ ထုတ်ထားလိုက်သည်။

"ဟိုကောင်မလေး အေးမာ ‥ အိမ်မှာ မနေဘဲ ဘယ်တွေ လျှောက်သွားနေလဲ မသိဘူး" ဟုပြောရင်း ဆက်တီခုံတွင် ဝင်ထိုင်စဉ်





စားပွဲပေါ်၌ ဦးမိုးမြင့်၏ ဟန်းဖုန်းကို တွေ့လိုက်သည်။

"ဩော် ‥ ငါ့မောင်က ဖုန်းမေ့ကျန်ခဲ့တာကိုး။ အဲဒါကြောင့် စောစောက ငါဖုန်းဆက်တော့ မကိုင်တာပဲ"

ကြီးကြီးသန်းက တစ်ကိုယ်တည်း တွေးရင်း ပူအိုက်သဖြင့် လက်ကိုင်ပဝါလေးနှင့် ယပ်ခတ်နေ၏။

ထိုစဉ် သူမ၏ ဘယ်ဘက်တွင်ရှိသော အပေါ်ထပ်လှေကားဆီမှ လူတစ်ယောက်ဆင်းလာသည့်အရိပ်ကို မျက်လုံးထောင့်စွန်းမှ ဖျတ်ခနဲ မြင်လိုက်ရသည်။

"ဟင်"

ကြီးကြီးသန်း ဖျတ်ခနဲလှည့်ကြည့်လိုက်သည်။ ဘာမှမတွေ့။ ကြီးကြီးသန်းစိတ်ထဲ စနိုးစနောင့်ဖြစ်သွားပြီး မျက်မှောင်ကုတ်လိုက်သည်။

ထိုစဉ် အပေါ်ထပ်မှ ‥

"ရှပ် ‥ ရှပ် ‥ ရှပ်"

လူတစ်ယောက်လျှောက်သွားနေသကဲ့သို့ ခြေသံများ ကြားလိုက်ရသည်။ ကြီးကြီးသန်း ကြက်သီးထသွားသည်။ ဒီအိမ်ကြီးတစ်အိမ်ထဲတွင် သူမတစ်ယောက်တည်းဆိုသည့် အသိနှင့်အတူ ကြောက်စိတ်များ တစ်ဟုန်ထိုးဝင်ရောက်လာသည်။

"ဘုရား ‥ ဘုရား"

အသက်ကို ဖွဖွရှူရင်း အပေါ်ထပ်မှ ခြေသံများကို နားစွင့်နေမိသည်။ ခြေသံများက ကျယ်သထက် ပိုကျယ်လာသည်။

"ရှပ် ‥ ရှပ် ‥ ရှပ် ‥ ရှပ်"



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးသန်းက ထိုင်ရာမှ မရဲတရဲထကာ လှေကားအရင်းဆီသို့ သွားပြီး အပေါ်ထပ်ဆီသို့ ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။

ထိုအချိန်မှာပင် ..

''အံမယ်လေး ..''

မီးက ရုတ်တရက်ပျက်သွားသည်။ ကြီးကြီးသန်း ကြောက်လွန်းသဖြင့် ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ် တုန်သွားသည်။ ဇောချွေးများလည်း ပြန်လာသည်။

''ဘုရား .. ဘုရား .. ဒုက္ခပါပဲ''

ရပ်နေသည့်နေရာမှာပင် ထိုင်ချလိုက်ရင်း တဆတ်ဆတ် တုန်နေသည့်လက်ဖြင့် လက်နှိပ်ဓာတ်မီးလေးကို အဆက်မပြတ်ထိုးထားလိုက်သည်။ ထိုစဉ် လှေကားဆီမှ ..

''ဒုန်း .. ဒုန်း .. ဒုန်း''

တစ်စုံတစ်ယောက် ပြေးဆင်းလာသည့် အသံကို ကြားလိုက်ရ၍ ကြီးကြီးသန်းက ဓာတ်မီးဖြင့်ထိုးကြည့်လိုက်စဉ် ဘာမှမတွေ့ရ။

ကြောက်စိတ်များက တဖြည်းဖြည်း အရှိန်မြင့်လာသည်။ အိမ်တစ်အိမ်လုံးလည်း မှောင်မည်းကာ လက်နှိပ်ဓာတ်မီးအလင်းရောင်မှ သေးသေးလေးမှလွဲ၍ ဘာမှမရှိ။ ကြီးကြီးသန်း အသက်ရှူသံများ ပြင်းကာ မောဟိုက်လာသည်။ မျက်ရည်များလည်း စီးကျလာတော့သည်။

ကြောက်လွန်းသဖြင့် ငုတ်တုတ်ထိုင်ကာ ခေါင်းကို ဒူးခေါင်းပေါ် မှောက်ချထားလိုက်သည်။

ထိုအချိန်တွင် မီးက ရုတ်တရက် ပြန်လင်းလာသည်နှင့် တစ်ပြိုင်နက် ဦးမိုးမြင့်တို့ သားအဖလည်း ပြန်ရောက်လာသည်။





ဦးမိုးမြင့်က ..

''ဟင် .. အစ်မ''

လှေကားအရင်းတွင် ငုတ်တုတ်ထိုင်နေသည့် အစ်မဖြစ်သူကို တွေ့ရ၍ အံ့သြသွားသည်။ မောင်ဖြစ်သူ၏ အသံကို ကြားလိုက်ရ၍ ကြီးကြီးသန်းက ရုတ်တရက် ဝမ်းသာသွားပြီး ..

''ဟင် .. မောင်လေး .. မောင်လေး''

ဟု အော်ခေါ်ကာ ပြေးပြီး ဖက်လိုက်သည်။

''အစ်မ ... အစ်မ ဘာဖြစ်တာလဲ။ ကျွန်တော်က မနက်ဖြန်မှ အစ်မရောက်မယ်လို့ ထင်တာ''

ကြီးကြီးသန်းက တံတွေးကို မျိုချလိုက်ပြီး ..

''အဲဒါတွေ နောက်မှပြောမယ်။ ဒီအိမ်မှာ .. ဒီအိမ်မှာ သရဲရှိတယ် မောင်လေးရဲ့''

ကြီးကြီးသန်းအပြောကြောင့် ဦးမိုးမြင့်က ပြုံးသွားရင်း ..

''ဟာ .. အစ်မကလည်း ဘာတွေ လျှောက်ပြောနေတာလဲ''

''ငါ လျှောက်ပြောတာမဟုတ်ဘူး။ ငါကိုယ်တိုင် ကြုံခဲ့ရတာ။ ဒါနဲ့ .. အေးမာဘယ်သွားလဲ''

''အေးမာက သူ့အဒေါ်တွေရှိတဲ့ မြောက်ဒဂုံမှာ အလှူရှိလို့ ညသွားအိပ်တယ်။ ညနေ ၅ နာရီလောက်ကတည်းက ထွက်သွားတာ။ ဘာဖြစ်လို့လဲ အစ်မရဲ့''

''ဟင် .. ဒါဆို သေချာပြီ။ ဒီအိမ်မှာ တစ်ခုခုရှိတယ်။ ငါ ကားဂိတ်ရောက်တော့ မင်းဖုန်းကိုခေါ်တာ မရလို့ အိမ်ဖုန်းကို ခေါ်တယ်။ အဲဒါ လူတစ်ယောက် လာကိုင်တယ်။ သူမှ



www.burmeseclassic.com

www.burmeseclassic.com



မပြောဘဲ ဖုန်းခွက်နားကပ်ပြီး အသက်ရှူနေတာ အကျယ်ကြီးပဲ။ ဒါ ‥ ဒါဆို ‥ ဘုရား ‥ ဘုရား''

ကြီးကြီးသန်းအပြောကြောင့် ဦးမိုးမြင့် တွေဝေသွားသည်။ နန္ဒာက အရာအားလုံး သိထားပြီးသည့်လူလို တည်ငြိမ်နေ၏။

''ကဲပါ ‥ အစ်မရယ်။ အစ်မစိတ်ထဲ ရှင်းသွားအောင် ကျွန်တော် တစ်ခုခု လုပ်ပေးပါ့မယ်။ အခုတော့ အစ်မလည်း မောလှပြီ။ နားလိုက်ပါတော့''

ထို့နောက် အားလုံးကိုယ်စီ အိပ်ရာဝင်သွားကြတော့သည်။ ဦးမိုးမြင့်ကတော့ တစ်ညလုံး အိပ်၍မပျော်ဘဲ ထိုအကြောင်းကိုပဲ စဉ်းစားနေမိတော့သည်။

■



နောက်တစ်နေ့မနက်စောစော ခြံထဲတွင် နန္ဒာက ဘိုဘိုနှင့်အတူ ဘောလုံးလေးနှင့် ကစားနေသည်။ ဦးမိုးမြင့်က မနက်စောစော အိပ်ရာထကာ ဝရန်တာဘက်သို့ ထွက်ကြည့်လိုက်စဉ်တွင် ခြံထဲတွင် သမီးဖြစ်သူ ကစားနေသည်ကို တွေ့ရ၍ ကျေနပ်စွာ ပြုံးသွားသည်။

သူတွေ့လိုက်ရသည်က နန္ဒာတစ်ယောက်တည်း။

ထို့နောက် သူက လှည့်ထွက်လိုက်ပြီး အခန်းဘက်သို့ ပြန်လာလိုက်သည်။ ထိုစဉ် အမှတ်မထင် ခပ်ဟဟလေးဖြစ်နေသော သမီးဖြစ်သူ၏ အခန်းတံခါးကြားမှ တစ်စုံတစ်ခုကို တွေ့လိုက်ရသည်။

ဦးမိုးမြင့်က တံခါးကိုတွန်းဖွင့်ကာ ကြည့်လိုက်သည်။ ခုတင်ခြေရင်းကြမ်းပြင်တွင် ကြေးလင်ပန်းလေးတစ်ခုထဲတွင် ကျောက်စရစ်ခဲလေးများ ထည့်ကာ ထိုအပေါ်တွင် နှင်းဆီပန်းနီတစ်ပွင့်ကို ကန့်လန့်ဖြတ်ပြီး တင်ထားသည်။

''ဩော် ‥ သမီးလေးကတော့လေ ‥ ကြိုကြိုဖန်ဖန်ကို ဆော့တယ်''

ဟု တွေးရင်း အခန်းထဲမှ ပြန်လှည့်ထွက်လိုက်သည်။

တကယ်တော့ ထိုအရာသည် ဘိုဘိုက ပြောထား၍ နန္ဒာက သူမနှင့်အတူ ဘိုဘိုစကားပြောလို့ရအောင် လုပ်ထားသော မန္တာန်တစ်ခု ဖြစ်သည်။

ခြံထဲတွင် ဘိုဘိုနှင့် နန္ဒာတို့နှစ်ယောက်ကတော့ ကစားပြီး၍ မောသဖြင့် ဒန်းဖေါ်ပါတွင် ထိုင်ကာ ခဏအနားယူနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်ရွက်ပေါ်ကျနေသော နေခြည်လဲ့လေးကို ငေးကြည့်ရင်း နန္ဒာက ..

"ဘိုဘို .. နင်နဲ့ ငါနဲ့က အခု သူငယ်ချင်းတွေဆိုတော့ နင့်အကြောင်းတွေ ငါ့ကို ပြောပြပါလား။ ငါ သိချင်လို့"

"ငါ့အကြောင်းတွေ ဟုတ်လား။ နင်က ဘာသိချင်လို့လဲ"

ဘိုဘိုက ပြုံးကာ နန္ဒာကိုကြည့်ရင်း မေးလိုက်သည်။

နန္ဒာက ..

"ဟိုဟာလေဟာ .. နင်က ဘယ်လိုဖြစ်ပြီး သေသွားတာလဲ ဟင်"

နန္ဒာ့အမေးကြောင့် ဘိုဘို့မျက်နှာ ရုတ်တရက် တင်းမာသွားသည်။ ဘိုဘို၏ မျက်နှာရိပ်မျက်နှာကဲကို ကြည့်နေသော နန္ဒာက ..

"ဆောရီး .. နင် မပြောချင်ရင်လည်း ရပါတယ်။"

ဘိုဘိုက သက်ပြင်းချပြီး ..

"ဟင်း .. ရပါတယ်ဟာ .. နင်သိချင်ရင့် ငါပြောပြပါ့မယ်။ အရင်ကတော့ ငါက ဒီပုလဲ Villa လို့ဆိုတဲ့ အိမ်ကြီးထဲမှာ တစ်ယောက်တည်း နေတာပေါ့ဟာ။ ဖြစ်ပုံက ဒီလိုဟ"

ဘိုဘိုက ပြောရင်း အတိတ်ကိုပြန်ရောက်သွားသလို သူ့မျက်လုံးများက အဝေးကြီးဆီသို့ ငေးမောသွားတော့သည်။

■





ဘိုဘိုမင်းသန့်သည် တောင်ကြီးမှ ရန်ကုန်သို့ သင်တန်းလာတက်သည့် လူငယ်တစ်ယောက်ဖြစ်သည်။ မောင်နှမနှစ်ယောက်ပဲ ရှိပြီး အစ်မဖြစ်သူက အိမ်ထောင်ကျကာ တောင်ကြီးမှာပင် နေသည်။

မိဘနှစ်ပါးစလုံး မရှိတော့သဖြင့် အစ်မဖြစ်သူက အစ်မကြီး အမိရာဆိုသလို ဘိုဘို့ကို အလိုလိုက်ပြီး အစစအရာရာ လိုလေသေးမရှိအောင် ဖြည့်ဆည်းပေးသည်။

ယခုလည်း ရန်ကုန်တွင် သင်တန်းတက်ချင်သည်ဆို၍ သူများတွေလို အဆောင်ငှားမနေစေဘဲ လူကုံထံရပ်ကွက်တစ်ခုထဲတွင် လုံးချင်းတိုက် ဝယ်ပေးလိုက်သည်။

အစ်မဖြစ်သူက အလိုလိုက်လွန်း၍ ဘိုဘိုကတော့ တဖြည်းဖြည်း လူပေါ့သွမ်းလေး တစ်ယောက်ဖြစ်လာသည်။ အပေါင်းအသင်းတွေနှင့် အရက်သောက်၊ ကလပ်သွား၊ ရန်ဖြစ်နှင့် အိမ်မှာ တစ်ခါမှ မရှိ။ ညအိပ်ချိန်လောက်ပဲ အိမ်မှာ အိပ်သည်။

အကြောင်းအမျိုးမျိုးပြပြီး အစ်မဆီက ပိုက်ဆံလိမ်တောင်းသည်။

တစ်နေ့ ဘိုဘိုမင်းသန့်က ကလပ်သွားရင်း ပီတာဆိုသော လူငယ်တစ်ယောက်နှင့် ပြဿနာဖြစ်သည်။ ဖြစ်ပုံက ပီတာလိုက်နေသည့် ကောင်မလေးက ဘိုဘို့ကို ကြွေကာ အီစီကလီသွားလုပ်ရာမှ စသည်။ ဘိုဘိုကလည်း ပြန်လက်ခံသည်။

www.burmeseclassic.com



လူငယ်အချင်းချင်းမို့ ပီတာက အစာမကြေဖြစ်သွားသည်။ ထို့ကြောင့် ကလပ်ရှေ့သို့ ထွက်ခဲ့ဖို့ ဘိုဘို့ကို စိန်ခေါ်ကာ ထိုးသတ်ကြသည်။ နောက်ဆုံး ဘိုဘိုက အနိုင်ရသွားသဖြင့် ပီတာနှင့် သူငယ်ချင်းများက တော်တော်တင်းကာ ဘိုဘို့ကို ရန်ငြိုးဖွဲ့တော့၏။





နောက်တစ်နေ့တွင် ပီတာနှင့် သူငယ်ချင်းများက စားသောက်ဆိုင်တွင် ထိုင်ကာ ဘီယာသောက်ရင်း လူငယ်သဘာဝ စကားပြောနေကြသည်။ ပီတာ့သူငယ်ချင်း စိုင်းက မှန်ကုပ်ကုပ်ဖြစ်နေသော ပီတာ့ကို ကြည့်ကာ ..

"ဟေ့ကောင် .. ပီတာ .. မင်းမျက်နှာက ဘာဖြစ်နေတာလဲ"

"အေးကွာ .. အိမ်က ဘွားတော်က တအားနားပူတယ်။ ဂျပန်မှုလီလိုပဲ ရစ်သလားမမေးနဲ့ကွာ။ လူလည်း ရစ်လွန်းလို့ ကျပ်နေတာ လွှပ်လို့တောင်မရတော့ဘူး"

သူငယ်ချင်းဖြစ်သူ ကျော်ထွန်းက ဘီယာခွက်ကို ကိုင်ကာ သောက်ဖို့ပြင်ရင်း ..

"ဟ .. ဘာဖြစ်တာတုန်း .. ပီတာရဲ့"

"မနက်ကကွာ .. ငါ့ကား အင်ဂျင်ဝိုင် လဲစရာမရှိလို့ ရေတောင်းတာ မပေးဘဲနဲ့ နားကို မီးပူနဲ့ တိုက်လိုက်တယ်ကွာ။ ဟူး .. စိတ်ညစ်တယ်"

ပီတာက ပြောပြီး ဘီယာခွက်ကို မော့သောက်လိုက်သည်။ ပီတာ့စကားကြောင့် စိုင်းက ..

"ဟာ .. မင်းကလည်း ဒါလေးများ အင်ဂျင်ဝိုင်လဲတာ ဘယ်လောက်ကုန်မှာမို့လို့လဲ"

ပီတာက စိတ်ပျက်လက်ပျက် ခေါင်းခါပြလိုက်သည်။ ကျော်ထွန်းက ..

"အေးလေ .. မင်းကလည်း ၄၊ ၅ သောင်းလောက်နဲ့များ။ မင်းဘွားတော်မသိအောင် ကစ်ပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



စိုင်းက ..

"ဟုတ်တယ်။ ငါတောင် ဟိုတစ်လောက ကားကိစ္စနဲ့ ၂ ပုန်းလောက် ကုန်သွားသေးတယ်"

၂ ပုန်းဆိုသည်မှာ ခေတ်စကားနှင့် ၂ သိန်းကို ဆိုလိုခြင်းဖြစ်သည်။ စိုင်းစကားကြောင့် ပီတာ ခေါင်းထောင်လာပြီး ..

"ဟုတ်လား .. ဘယ်လိုဖြစ်တာလဲကွ .. ပြောစမ်းပါဦး"

ဟု တက်တက်ကြွကြွမေးလိုက်ပြန်သည်။ စိုင်းက ..

"၈ မိုင်ဘက်မှာကွာ။ ကားတစ်စီး ဟွန်းတီးပြီး အတင်းကျော်တက်လို့ ငါဖြေပစ်တာ။ တစ်ဖက်လမ်းကို ရောက်သွားလို့ လိုင်းကားကြီးက ဝင်ဆောင့်တာ။ ငါ့ကား မီးလုံးကွဲသွားတယ်။ အဲဒါနဲ့ မီးလုံးပြန်လဲလိုက်ရတာလေ"

"ဟား .. ဟား .. ဟား .. မင်းကတော့ ဖြစ်ရမယ်။ အဲဒီလိုင်းကားက ဝင်ဆောင့်တာ မင်းက အလျော်မရဘူးလား"

ပီတာက သူ ညစ်နေသည့်ကိစ္စကိုပင် မေ့ကာ လူငယ်ပီပီ သူငယ်ချင်းဖြစ်သူ ခံလိုက်ရသည့်ကိစ္စကို ရယ်မောကာ နောက်ပြောင်လိုက်သည်။

စိုင်းက ..

"ဘယ်ရမလဲကွ၊ ငါက သူ့လမ်းကြောင်းထဲ ဝင်သွားတာကိုး"

"ကောင်းတယ် .. ကောင်းတယ်။ မင်းက သူများကို ဖြချင်တာကိုး။ ဪ .. ဒါနဲ့ ဟိုကောင် ထွန်း မင်းဆော်နဲ့ရော တွေ့ဖြစ်သေးလား"

ကျော်ထွန်းက ..



"မတွေ့ဖြစ်ပါဘူးကွာ။ မတွေ့တာတောင် တော်တော်ကြာနေပြီ"

စိုင်းက ..

"မင်းဆော်က မမိုက်တော့ပါဘူးကွာ။ ဟိုတစ်လောက ရုပ်ဆိုးဆိုး ရေလျှံလျှံဘဲကြီးတစ်ယောက်နဲ့ တွဲသွားတာ ငါတွေ့လိုက်တယ်"

ကျော်ထွန်းက မျက်နှာငယ်လေးနှင့် ..

"အေးပေါ့ကွာ၊ ငါ့လိုကောင်က ရေမရှိတော့ အချစ်က ထွက်ပြေးတာ မဆန်းပါဘူး။ ငါ့ထိုက်နဲ့ ငါ့ကံသာ ရှိပါစေတော့"

အမြင်ကတ်စရာ တမင်လုပ်ထားသောရုပ်ကြီးနှင့် ပြောသဖြင့် ပီတာက ကျော်ထွန်းခေါင်းကို မနာအောင် လှမ်းရိုက်လိုက်ရင်း ..

"ဟာ .. လဒကတစ်မျိုး။ လာပြီး လွမ်းပြနေပြန်ပြီ"

"ဟီး .. ဟီး .. ငါ့ကိုများ သနားပြီး ဘီယာတိုက်မလားလို့"

"မင်းကို ဘီယာတိုက်ဖို့ နေနေသာသာ ဒီမှာတောင် ပလပ်ကျွတ်နေပါတယ်ဆိုမှ"

ပီတာက ပြောပြီး သက်ပြင်းချကာ ဘီယာခွက်ကို နောက်တစ်ကျိုက် မော့သောက်လိုက်သည်။

ထိုစဉ် စားသောက်ဆိုင်ထဲသို့ ဘိုဘိုနှင့် ကောင်မလေးတစ်ယောက်တွဲကာ ဝင်လာသည်ကို စိုင်းက တွေ့လိုက်ရသည်။ ပီတာကို အသာလေး လက်တို့ရင်း ..

"ဟော့ကောင် .. ဟော့ကောင် .. ဟို .. ဟိုမှာ ဟိုနေ့ညက ကလပ်မှာ မင်းနဲ့ ငြိသွားတဲ့ကောင် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ပီတာက မသိမသာလေး စောင်းငဲ့ကြည့်ရင်း ..

''ဟာ .. အေး ဟုတ်တယ်။ ဒီတစ်ခါတော့ ပွဲကြီးပွဲကောင်း ပေါ့ကွာ။ လာ .. သွားမယ်''

ပီတာက ထဖို့ပြင်လိုက်စဉ် ကျော်ထွန်းက လက်ကို လှမ်းဆွဲထားလိုက်ရင်း ..

''ဟာ .. ဒီကောင်ကလည်း ထိုင်စမ်းပါကွာ။ မင်းကိုယ်တိုင် ဘာမှလုပ်စရာ မလိုပါဘူး။ စိတ်လျှော့ .. စိတ်လျှော့''

ကျော်ထွန်းအပြောကြောင့် ပီတာက မကျေမနပ်ပြန်ထိုင်လိုက်သည်။

စိုင်းက ..

''ပီတာက ဒီကောင့်ကို စောက်ရမ်းတင်းနေတာကွ''

ကျော်ထွန်းက ..

''အေးပါ .. ငါသိပါတယ်။ မင်းတင်းနေတာကို လျှော့ပေးမယ့် နည်းလမ်း ငါ့မှာ ရှိတယ်''

ကျော်ထွန်းအပြောကြောင့် အားလုံး စိတ်ဝင်တစား ခေါင်းချင်းဆိုင်သွားသည်။ ထိုစဉ် ဘိုဘိုနှင့် သူ့ကောင်မလေးက Coke နှစ်ဘူး ဝယ်ကာ ပြန်ထွက်သွားသည်။

ပီတာက ကျော်ထွန်းအပြောကို ..

''ဘာလဲကွ ..''

ကျော်ထွန်းက ..

''ဒီမှာ ပီတာ။ ငါ့အစ်ကိုမှာ အဆက်အသွယ်တွေ ရှိတယ်။ မင်း ဒီကောင့်ကို ဘာလုပ်ချင်လဲ။ လက်ကျိုးသွားချင်လား။ ခြေထောက်ကျိုးသွားချင်လား။ တစ်လလောက် အိပ်ရာထဲက မထနိုင်ဖြစ်သွားစေချင်လား။ အားလုံးဖြစ်စေရမယ်''





ပီတာက ကျော်ထွန်းအပြောကြောင့် အားတက်သွားရင်း ..

''အေး .. အဲဒါဆိုရင်လည်း လုပ်ကွာ။ ငါတော့ ဒီကောင့်ကို ရေလည်တင်းတယ်''

''မကြာခင် ဖြစ်သွားစေရမယ်။ OK''

ကျော်ထွန်းက ပြောပြီး လက်သီးဆုပ်ကာ လက်ကို ဆန့်ထုတ်ပေးလိုက်သည်။ ပီတာနှင့် စိုင်းက လက်သီးနှင့် လာထိသည်။

■



www.burmeseclassic.com

www.burmeseclassic.com

ပီတာ သူ့ဖုန်းထဲတွင်ရှိသော ဘိုဘိုမင်းသန့်၏ ဓာတ်ပုံကို ကိုစိုးကြီးကို ပြလိုက်သည်။

''ကိုစိုးကြီး ‥ ပညာပေးရမှာက ဒီကောင်ပဲဗျာ''

ကိုစိုးကြီးက ဓာတ်ပုံကို စူးစူးစိုက်စိုက် ကြည့်လိုက်သည်။ ကိုစိုးကြီးသည် ကျော်ထွန်းခေါ်လာပေးသည့် ကြေးစားတစ်ယောက် ဖြစ်သည်။ လိုအပ်ရင် သူက လူသတ်ဖို့တောင် ဝန်မလေးတဲ့လူမျိုး ဖြစ်သည်။

''ဩော် ‥ ဟုတ်လား။ မင်းက ဒီကောင့်ကို ဘာဖြစ်စေချင်လဲ။ အဲဒီအတိုင်း ငါလုပ်မယ်။ ပြော''

ပီတာက ‥

''ရပါတယ်။ ကိုစိုးကြီးက ဒါမျိုးဆို ပိုကျွမ်းမှာပေါ့။ ဘယ်အနေအထားလောက်ဆိုရင် ကောင်းမလဲ။ ဒီကောင့်ကို ပညာပေးရရင် ကျေနပ်ပါပြီဗျာ''

''OK‥ ဒါပေမဲ့ တစ်ခုမေးမယ်၊ ထိခိုက်ကျိုးပဲ့ရုံလား။ အပြတ်လား''

ကိုစိုးကြီးက လူမိုက်ဟန်ဖြင့် လည်ပင်းကို လှီးဖြတ်ဟန်ကို လက်ဖြင့် ပြလိုက်သည်။ ကိုစိုးကြီးအပြောကြောင့် ပီတာက လန့်သွားရင်း ‥

''ဟာ ‥ အပြတ်တော့ မလုပ်ပါနဲ့။ မှတ်လောက်သားလောက် ရုံဆို ရပါပြီ''





ကျော်ထွန်းက ‥

''ကိုစိုးကြီး ‥ ဒီကောင့်နာမည်က ဘိုဘိုမင်းသန့်တဲ့။ တောင်ကြီးက လာတာ။ ရန်ကုန်မှာ သင်တန်းတက်ဖို့ဆိုပြီး သူ့အစ်မက အိမ်ဝယ်ပေးတယ်။ သူတစ်ယောက်တည်း နေတာဗျ''

ကျော်ထွန်းအပြောကြောင့် ကိုစိုးကြီးက ဟန်ပါပါ ပြုံးလိုက်ရင်း ‥

''ဟင်း ‥ ဟင်း ‥ ပိုကောင်းတာပေါ့ကွာ။ တိုးတိုးတိတ်တိတ် အလုပ်လုပ်လို့ ရတာပေါ့။ ဒီကောင့်အိမ်လိပ်စာ ငါ့ကိုပေး''

■



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ Valentine Day (ချစ်သူများနေ့) မို့ ဘိုဘိုက သူ့ကောင်မလေးနှင့် လည်ပတ်သောက်စားသည်။ ညနေ ၆ နာရီခန့် မှောင်ရီပျိုးစအချိန်တွင် ဘိုဘိုမင်းသန့်က မူးပြီး အိမ်ပြန်လာသည်။ ကားကို ဖြစ်သလို ရပ်ခဲ့ပြီး ယိုင်နဲ့နဲ့ခြေလှမ်းများနှင့် အိမ်ထဲသို့ ဝင်လာသည်။ စီးထားသည့် ဖိနပ်ပင် မချွတ်အားတော့ဘဲ ခုတင်ပေါ်သို့ အရုပ်ကြိုးပြတ် လှဲချလိုက်သည်။

လှဲချလိုက်ပြီးနောက် မျက်လုံးကို မှိတ်ထားလိုက်သည်။

ထိုစဉ် ပီတာတို့အဖွဲ့မှ ပိုက်ဆံပေးပြီးခိုင်းလိုက်သည့် ကြေးစား ကိုစိုးကြီးက ဗီရိုထဲတွင် ဝင်ပုန်းနေရာမှ နှစ်တစ်လက်မ သစ်သားချောင်းကို ကိုင်ကာ အသာလေး ထွက်လာသည်။

ဘိုဘိုက မူးနေသည်မို့ သတိမထားမိ။

ကိုစိုးကြီးက ဘိုဘို၏ ခေါင်းရင်းဘက်မှနေ၍ ရိုက်ရန် တုတ်ကို ကိုင်မြှောက်စဉ် ..

"ဟင်"

"ကဲကွာ"

"ယား"

ရုတ်တရက်မျက်နှာပေါ် မိုးကျလာသော အရိပ်ကြောင့် ဘိုဘို မျက်လုံးပွင့်သွားပြီး သူ့ကို ရိုက်ဖို့ပြင်နေသည့် တုတ်ကို ဆွဲကာ ကိုစိုးကြီးကို ခုတင်ပေါ် ဆွဲလှဲလိုက်သည်။

ဘိုဘိုက အမူးပြေသွားပြီမို့ ကိုစိုးကြီးရင်ဘတ်ပေါ်မှ တက်ခွထားကာ မျက်နှာကို ..





"ခွပ်"

"ခွပ်"

"ခွပ်"

လက်သီးဖြင့် အဆက်မပြတ်ထိုးတော့သည်။ ပါးစပ်မှလည်း ..

"သူခိုးဗျို့ .. သူခိုး"

"ဟောဒီမှာ .. သူခိုးဗျို့ .. လာကြပါဦး"

အဆက်မပြတ် အော်နေသည့် ဘိုဘိုကြောင့် ကိုစိုးကြီးက လန့်ပြီး ..

"ကဲကွာ"

"ဖွက်"

ခါးကြားတွင်ထည့်ထားသည့် အသွားခြောက်လက်မခန့်ရှိသည့် ဓားမြှောင်ဖြင့် ဘိုဘို၏ ဗိုက်ထဲသို့ ထိုးစိုက်လိုက်သည်။

"အ . အား"

ဘိုဘိုပက်လက်လန် လဲကျသွားပြီး အသက်ထွက်သွားသည်။ လူသတ်သမား ကိုစိုးကြီးက အိမ်ထဲမှ အလျင်အမြန် ပြေးထွက်သွားတော့၏။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"အဲဒါပါပဲဟာ"

ဘိုဘိုက ပြောပြီးနောက် ဝဲကျလာသည့် မျက်ရည်ကို လက်ဖြင့် အသာတို့ သုတ်လိုက်သည်။

"ဒါဆို နင်က အသတ်ခံရတာပေါ့နော်။ ငါ စိတ်မကောင်း လိုက်တာဟာ"

နန္ဒာက ဘိုဘို့လက်လေးတစ်ဖက်ကို ဆုပ်ကိုင်ရင်း ပြောလိုက်သည်။ ဘိုဘိုက ..





"ဟုတ်တယ် နန္ဒာ။ တကယ်ဆို ငါက နင့်လိုပဲ လောကကြီးမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ ရှင်သန်နေရမှာ။ အခုတော့ ငါ တစ်ယောက်တည်း ဒီအိမ်ကြီးထဲမှာ နေနေခဲ့ရတယ်။ ငါသေတဲ့ Valentine Day ရောက်တိုင်း ငါ့စိတ်တွေ ထိန်းလို့မရဘူး။ အဲဒီနေ့ဆို ငါ တခြားလူတွေကို ဘာတွေလုပ်လို့ လုပ်မိမှန်း ငါမသိဘူးဟာ။ ငါက တစ်ယောက်တည်း အထီးကျန်နေခဲ့ရတာဟ"

"စိတ်မကောင်းမဖြစ်ပါနဲ့ ဘိုဘိုရယ်။ အခု ငါရှိနေပြီပဲ။ နင်နဲ့ငါနဲ့ သူငယ်ချင်းတွေပဲ ဥစ္စာ။ နင်က ဒီအိမ်ကြီးထဲမှာ ဝိညာဉ်အဖြစ် အထီးကျန်တယ်။ ငါက လူအဖြစ် အထီးကျန်တယ်။ ငါတို့က ဘဝတူတွေပါဟာ။ ငါတို့ အမြဲတမ်း အတူနေကြမယ်"

နန္ဒာ့စကားကြောင့် ဘိုဘို့မျက်နှာ ပြုံးသွားရင်း ..

"နင် တကယ်ပြောတာလား နန္ဒာ။ နင် ငါနဲ့ အမြဲအတူနေမယ်ဆိုတာ တကယ်လား"

နန္ဒာက ခေါင်းညိတ်ပြလိုက်ရင်း လက်ချောင်းလေးကို ကွေးကာ လက်သန်းလေး ထောင်ပေးလိုက်သည်။ ဘိုဘိုက အလိုက်သင့် ပြန်ချိတ်လိုက်ရင်း ..

"အိုကေ .. ငါတို့ ဘယ်တော့မှ မခွဲကြေး"

■



www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးမြင့်က သူ၏ ဟန်းမားကားကြီးကို ဖုန်သုတ်ကာ သန့်ရှင်းရေးလုပ်နေသည်။ သူက ထိုကားကို သိပ်ကြိုက်ပြီး ကားနှင့်ပတ်သက်သည့် ကိစ္စအဝဝကို သူတစ်ယောက်ပဲ ဒိုင်ခံလုပ်သည်။

အခုလည်း ဦးမိုးမြင့်က သူဌေးပီပီ ဟိတ်ဟန်မရှိဘဲ ပုဆိုးကို ခါးမြှောင်ကျိုက်ကာ ကားကို ရေဆေးဖို့ ပြင်နေသည်။ ထိုစဉ် ကြီးကြီးသန်းနှင့် နန္ဒာတို့က အိမ်ထဲမှ ထွက်လာကြသည်။

"ဟော . . အစ်မတို့ တူဝရီးနှစ်ယောက် ဘယ်သွားကြမလို့လဲ"

"ဒီမှာလေ . . သမီးလေးက အချဉ်ထုပ် စားချင်တယ်ဆိုလို့ လမ်းထိပ်က စတိုးဆိုင် ခဏလိုက်ပို့လိုက်ဦးမယ်"

"ဪ . . ဟုတ်လား . . ဒါဆိုလည်း သွားလေ အစ်မ"

"အေးပါ။ ခဏလေး . . အစ်မပြောဦးမယ်။ နားထောင်ဦး။ ဟိုဘက်ခြံက မပြုံးက သူတို့အိမ်မှာ ဒက္ခိဏာသာခါဘုရား ပင့်ထားတယ်တဲ့။ ရပ်ကွက်ထဲက လူတွေတောင် မသိသေးဘူး။ အဲဒါ သူတို့ပြီးရင် အစ်မတို့အိမ်ကိုပါ ပင့်လို့ရအောင် မင်းသွားပြောထားပါလားကွယ်။ အစ်မလည်း ဒီအိမ်မှာ ဘုန်းကြီးဆွမ်းကပ်အလှူလေး၊ ဘာလေး လုပ်ချင်တယ်"

အစ်မဖြစ်သူအပြောကြောင့် ဦးမိုးမြင့်က ပြုံးသွားရင်း . .

"ဘာဖြစ်လို့လဲ အစ်မရဲ့။ ဟို သရဲဆိုတဲ့ကောင်ကို နှင်ပစ်ချင်လို့လား။ သူ့ဆိုရင်တော့ နှင်ပစ်ဖို့ ဆွမ်းကပ်စရာ မလိုပါဘူးဗျာ။ ကျွန်တော့်ဓားနဲ့တင် လုံလောက်ပါပြီဗျ။ ဟား . . ဟား"





အဖေဖြစ်သူ၏ စကားကြောင့် နန္ဒာက မျက်နှာ အနည်းငယ် မှုန်သွားသည်။

ကြီးကြီးသန်းက အလန့်တကြားနှင့် . .

"မောင်မိုး . . မင်းနော် . . ဒါမျိုးက မနောက်ကောင်းဘူး။ သွား . . သွား။ အစ်မပြောတာကိုပဲ သွားပြော။ ကြားလား"

"အလကား နောက်တာပါဗျ။ ကျွန်တော် အခုပဲ သွားပြောလိုက်ပါ့မယ်။ ကျေနပ်ပြီလား"

ကြီးကြီးသန်းက မောင်ဖြစ်သူကို ချစ်စနိုး မျက်စောင်းထိုးကာ နန္ဒာ၏လက်ကို ဆွဲပြီး ထွက်သွားလိုက်သည်။

ဦးမိုးမြင့်လည်း ခါးမြှောင်ကျိုက်ထားသည့် ပုဆိုးကို ပြန်ဖြေကာ လက်ဆေးပြီး တစ်ဖက်ခြံဘက်သို့ ဦးတည်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်အိမ်သို့ ရောက်သောအခါ ခြံတံခါးက စေ့ရုံလေး စေ့ထားသဖြင့် ဦးမိုးမြင့်က အသာလေးတွန်းပြီး ဝင်လာလိုက်သည်။

ထိုစဉ် အမျိုးသမီးတစ်ယောက် ထွက်လာပြီး ဦးမိုးမြင့်ကို မြင်တော့ ..

"ဟင် .. ရှင် .. ရှင် ဟိုဘက်အိမ်က"

"ဟုတ်ပါတယ်ခင်ဗျ။ ကျွန်တော့်နာမည် မိုးမြင့်ပါ"

အမျိုးသမီးက မျက်နှာအနည်းငယ်ပျက်ကာ ..

"ဟို .. ဘာ .. ဘာကိစ္စရှိလို့လဲဟင်။ ကျွန်မ ဘာကူညီ ပေးရမလဲ"

"ဪ .. ဒီလိုပါ။ ကျွန်တော့်အစ်မက ပြောတယ်။ ဒီအိမ်မှာ ဘုရားပင့်တယ်ဆိုလို့"

ထိုအခါ အမျိုးသမီးက မျက်နှာရွှင်လန်းသွားပြီး ..

"ဟုတ်တယ် .. ဟုတ်တယ်။ ရပ်ကွက်ထဲက လူတွေကိုတောင် မဖိတ်ရသေးဘူး။ အိမ်မှာ ဘာမှ မပြင်ဆင်ရသေးလို့လေ။ အားနာလိုက်တာ။ ဒီက အစ်ကိုက ဘုရားဖူးချင်လို့နဲ့တူတယ်"

ထိုစဉ် အမျိုးသားတစ်ယောက် အိမ်ထဲမှ ထွက်လာပြီး ..

"ဟဲ့ .. အပြုံး။ ဧည့်သည်ကို အိမ်ပေါ်ခေါ်လေ။ မတ်တတ်ကြီး စကားပြောနေရလား။ မင်းကလည်းလေ။ ကြွပါခင်ဗျ .. ကြွပါ"

အမျိုးသားအပြောကြောင့် မပြုံးက ..

"ဪ .. ဟုတ်တယ် .. ဟုတ်တယ်။ ဘုရားပါ ဖူးလို့ ရအောင် အပေါ်ထပ်ကို ကြွပါရှင်"





သဘောကောင်းသော ထိုလင်မယားကို ပြုံးပြီး ခေါင်းညိတ်ပြ လိုက်သည်။

အိမ်ပေါ်ရောက်တော့ အားလုံး ထိုင်ပြီးသည်နှင့် ..

"တစ်ခုလောက် အကူအညီတောင်းချင်တယ်ဗျာ"

အမျိုးသားဖြစ်သူက ..

"ဘာများလဲဗျ။ ပြောပါ။ ကူညီနိုင်ရင် ကူညီပါ့မယ်"

ဦးမိုးမြင့်က ဝမ်းသာသွားပြီး ..

"ဒီအိမ်မှာ ဘုရားပူဇော်ပြီးရင် ကျွန်တော်တို့အိမ်ကိုပါ ဆက်ပြီး တော့ ပင့်လို့ရမလားခင်ဗျာ။ အိမ်မှာလည်း သံဃာလည်း ဆွမ်းကပ်၊ လူတွေကိုလည်း လှူချင်လို့ပါ"

ဦးမိုးမြင့်အပြောကြောင့် မပြုံးမှာ ဝမ်းသာအားရဖြစ်သွား ပြီး ..

"ကောင်းတယ် .. ကောင်းတယ်။ တစ်ခါတည်း ပရိတ်ပါ ရွတ်လိုက်"

ဦးမိုးမြင့်က အံ့သြသွားရင်း ..

"ဗျာ .. ဘာဖြစ်လို့လဲ"

မပြုံး၏အမျိုးသားက မျက်နှာတင်းသွားပြီး ..

"အပြုံး .. မင်း ဘာတွေ လျှောက်ပြောနေတာလဲ"

ခပ်ဆတ်ဆတ်ငေါက်လိုက်သည်။

ထိုအခါမှ မပြုံးက သူမ သတိလက်လွတ်ဖြစ်သွားသည်ကို ကမန်းကတန်းပြန်ဖြေရှင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"သြော် ‥ ဟို ‥ ဟို ကန်တော့နော် ‥ ကန်တော့ ‥ ဘာမှ မဟုတ်ပါဘူး။ ယောင်ပြီး ပြောမိတာပါ"

ဦးမိုးမြင့်က ‥

"ပြောပါဗျ ‥ ဘာဖြစ်လို့လဲ။ အားမနာပါနဲ့။ ရပ်ကွက်ထဲမှာ ပြောကြတဲ့ စကားတွေကိုလည်း ကျွန်တော်ကြားပြီးပါပြီဗျာ။ အဲဒီကိစ္စအတွက်နဲ့ ဘာမှ အားနာစရာမလိုပါဘူး။ ပြီးတော့ ဒါမျိုးတွေကိုလည်း ကျွန်တော် အယုံအကြည်မရှိပါဘူးဗျာ"

ဦးမိုးမြင့်အပြောကြောင့် အမျိုးသားမှာ မပြီးစကားကြောင့် နေသာထိုင်သာရှိသွားသည်။ မပြီးကတော့ ဝမ်းသာသွားပြီး ‥

"အဲဒီအိမ်မှာ ‥ ဟို ‥ ဟို ‥ ဘယ်လိုပြောရမလဲ"

ဦးမိုးမြင့်က ‥

"သရဲရှိတယ်လို့ ပြောမလို့လား။ ကျွန်တော်မယုံပါဘူးဗျာ။ ဟား ‥ ဟား ‥ ကဲ ‥ ကျွန်တော့်ကို ခွင့်ပြုပါဦး"

ဦးမိုးမြင့်က ပြောပြောဆိုဆို ထိုင်ရာမှ ထလိုက်သည်။ ဘာရယ် မဟုတ် ပြတင်းပေါက်တစ်ဆင့် သူ့အိမ်ဘက်သို့ ကြည့်လိုက်စဉ် ‥

"ဟင်"

အိမ်ထဲ၌ လူတစ်ယောက် လမ်းလျှောက်သွားနေသည်ကို မှန်ကာထားသော ပြတင်းတံခါးမှ တွေ့လိုက်ရသည်။ ဦးမိုးမြင့် မျက်မှောင်ကုတ်လိုက်သည်။

ထို့နောက် အိမ်ရှင်တွေကိုပင် မနှုတ်ဆက်နိုင်တော့ဘဲ အိမ်ထဲမှ ကပျာကယာပြေးထွက်လာခဲ့သည်။

■





သူ အိမ်ထဲရောက်တော့ အိမ်ရှေ့ညှိခန်းတွင် ချိတ်ထားသော ဓားကိုဆွဲကာ အပေါ်ထပ်သို့ ပြေးတက်သွားသည်။

"ဘယ်သူလဲကွ ‥ ငါ့အိမ်ထဲ ရောက်နေတာ"

"ဝှစ်"

ဓားနှင့်ယမ်းကာ အော်မေးလိုက်သည်။

ထိုစဉ် မီးများအားလုံး အမှောင်ကျသွားသည်။

"ကဲကွာ ‥ ဝှစ်"

"ခွမ်း"

ဓားနှင့် မွှေ့ယမ်းလိုက်တာကြောင့် ဘေးဘက်နံပေါ်တွင် အလှတင်ထားသည့် ပန်းအိုးလေးက ကျကွဲသွားသည်။ ဦးမိုးမြင့် ပိုပြီး ဒေါသထွက်သွားသည်။

"ဟေ့ကောင် ‥ မင်း ဘယ်သူလဲလို့ မေးနေတယ်နော်။ မင်း ဘယ်သူဖြစ်ဖြစ် ငါမကြောက်ဘူးကွ။ ကဲကွ"

မှောင်မှောင်မည်းမည်းတွင် ဦးမိုးမြင့်က အရူးတစ်ယောက်လို ဓားကြီးတစ်လက်နှင့် မွှေ့ယမ်းနေတော့သည်။

"ဝှစ်"

"ကဲကွာ"

"ခွမ်း"

"ချွမ်း"

"ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဦးမိုးမြင့်၏ နောက်နားဆီမှ လူတစ်ယောက်ရပ်နေသလို ခံစားလိုက်ရ၍ နောက်လှည့်ပြီး ခုတ်လိုက်စဉ် ..

"ကဲကွာ"

လေကိုပဲ ခုတ်မိသွားသည်။

"တောက်"

ဦးမိုးမြင့် ဒေါသအကြီးအကျယ်ထွက်သွားသည်။ ထို့နောက် သမီးအိပ်ခန်းထဲသို့ သွားကာ ဓားဖြင့် လျှောက်ခုတ်လိုက်ပြန်သည်။ ကြေးလင်ပန်းထဲတွင် ကျောက်စရစ်ခဲနှင့် နှင်းဆီပန်းလေးက တစ်စစီ လွင့်ကြဲကုန်သည်။

"ကဲကွာ"

"ချွမ်း"

"ဂလောက် .. ဂလောက် .. ဂလောက်"

ဦးမိုးမြင့်တစ်ယောက် အကြီးအကျယ်ဒေါသထွက်ကာ အခန်းထဲမှ ပြန်ထွက်လာသည်။ ဓားဖြင့် မွေ့ယမ်းရင်း တဖြည်းဖြည်း ခြေကုန်လက်ပန်းကျကာ လဲကျသွားသည်။

ထိုစဉ် မီးများ ပြန်လင်းလာသည်။ တစ်ပြိုင်နက်တည်း ကြီးကြီးသန်းနှင့် နန္ဒာတို့ ရောက်လာသည်။ ပွကြဲနေသော ပစ္စည်းများနှင့်အတူ ဓားတစ်လက်ဘေးချကာ လဲကျနေသော ဦးမိုးမြင့်ကို တွေ့သွား၍ ..

"အံမယ်လေး .. မောင်လေး .. မောင်လေး .. ဘာတွေဖြစ်တာလဲ"

"ဖေဖေ .. ဖေဖေ"





အလန့်တကြားအော်ကာ ပြေးလာသည်။ ကြီးကြီးသန်းက မောင်ဖြစ်သူကို ပွေ့လိုက်ရင်း ..

"မောင်မိုး .. ဘာဖြစ်တာလဲဟင် .. ဘာဖြစ်တာလဲ"

ဦးမိုးမြင့်က အသက်ကို ဝအောင် ရှူသွင်းလိုက်ပြီး ..

"ဒီအိမ်မှာ အစ်မထင်သလို လူတစ်ယောက်တကယ်ရှိတယ်"

"ဟင် .. အဲဒါပြောတာပေါ့ .. ငါပြောတုန်းက မင်း မယုံဘူးလေ။ အခုသိပြီလား .. ဟင် .. သိပြီလား"

နန္ဒာက အဖေဖြစ်သူ၏လက်ကို ကိုင်ကာ မျက်ရည်များ ကျနေတော့သည်။

ဦးမိုးမြင့်က ..

"ဟုတ်တယ်။ ဒီကောင့်ကို မဖြစ်ဖြစ်တဲ့နည်းနဲ့ နှင်ပစ်ရမယ် အစ်မ"

"ရှင်"

ဦးမိုးမြင့်၏အပြောကြောင့် နန္ဒာ အံ့သြသွားသည်။ တစ်ပြိုင်နက်တည်း သူမ၏ သူငယ်ချင်းဖြစ်သူ ဘိုဘို့အတွက် စိုးရိမ်သွားသည်။

"ဟင့်အင်း .. ဟင့်အင်း .. ဖေဖေ သူ့ကို မနှင်ရဘူး။ အဲဒါ သမီးသူငယ်ချင်း ဖေဖေရဲ့"

နန္ဒာ့အပြောကြောင့် ဦးမိုးမြင့်ရော ကြီးကြီးသန်းပါ ပါးစပ်အဟောင်းသားနှင့် နန္ဒာ့ကို အံ့သြတကြီး ကြည့်လိုက်မိသည်။

"ဘာ .. ဘာပြောတယ် .. သမီးလေး"

"ဟုတ်တယ် ဖေဖေ။ အဲဒါ သမီးသူငယ်ချင်း။ သူ့ကို ဒီအိမ်မှာ နေခွင့်ပေးလိုက်ပါ ဖေဖေရယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်း သမီး၊ ဘာမှ ဆက်မပြောနဲ့"

"ပြောမှာပဲ ။ ပြောမှာပဲ။ သမီး ။ သူငယ်ချင်းကို ဖေဖေ မနှင်ရဘူး"

ဦးမိုးမြင့်သည် သမီးဖြစ်သူအပြောတွေကြောင့် သူဦးနှောက်တစ်ခုလုံး ထူပူသွားသည်။ ပြီးတော့ သမီးဖြစ်သူ၏ စိတ်ရောဂါ ပြန်ဖောက်လာပြီးလားဟုလည်း ချက်ချင်း စိတ်ပူသွားမိသည်။ 'ဒါဟာ ဟိုမကောင်းဆိုးဝါးကြောင့်'ဟု စဉ်းစားကာ ပိုပြီး ဒေါသထွက်သွားမိပြန်သည်။

"တိတ်တော့ ။ ဘာမှ ဆက်မပြောတော့နဲ့"

"ဟင့်အင်း ။ ဟင့်အင်း ။ သမီးသူငယ်ချင်းကို မနှင်ရဘူး"

"ဟာ ။ တောက်"

ဦးမိုးမြင့်က သမီးအပြောကို စိတ်ဆိုးလာတာကြောင့် သမီးဖြစ်သူကို ရိုက်ရန် လက်မြှင့် ရွယ်လိုက်၏။ ခက်ထန်တင်းမာသော အဖေဖြစ်သူ မျက်နှာရိပ်ကြောင့် နန္ဒာ ဝမ်းနည်းသွားပြီး ။

"ဟင်အင်း ။ ဖေဖေ့ကို မချစ်တော့ဘူး။ ဖေဖေ့ကို မုန်းတယ် ။ မုန်းတယ်"

နန္ဒာက ပြောရင်း နေရာမှ သူမအခန်းထဲသို့ ထထွက်သွားတော့သည်။

■





နန္ဒာက အခန်းထဲသို့ ပြေးဝင်ကာ ရှိုက်ကြီးတငင် ငိုချလိုက်သည်။ အခန်းထဲ ကြမ်းပြင်တွင် လွင့်ကြဲနေသော ကျောက်စရစ်ခဲလေးများကို ငိုပြီး ဗန်းလေးထဲသို့ ပြန်ထည့်လိုက်သည်။

"ဘိုဘိုရေ ။ နင်ဘယ်မှာလဲ၊ ငါတို့ ခွဲရတော့မယ် သိလား။ ငါ့ဆီလာခဲ့ပါဦးဟာ။ ငါ သိပ်ဝမ်းနည်းတာပဲ"

နန္ဒာက ငိုသံကြီးနှင့် ဗလုံးဗထွေးပြောလိုက်သည်။

ထိုစဉ် ဘိုဘို ရောက်လာသည်။ ဘိုဘို့မျက်လုံးထဲ၌လည်း မျက်ရည်ဝဲနေလေ၏။ နန္ဒာကောက်နေသော ကျောက်စရစ်ခဲလေးတစ်လုံးကို ဗန်းလေးထဲသို့ အသာအယာပစ်ထည့်ပေးလိုက်သည်။

နန္ဒာက မော့ကြည့်လိုက်၏။

"ဟင် ။ ဘိုဘို"

"နင် ။ ဘာလို့ ငိုနေတာလဲဟင်"

"နင် ဘာမှမသိသေးဘူးနော် ဘိုဘို"

"ငါက ဘာကိုသိရမှာလဲ။ ပြော် ။ နင့်အဖေ စိတ်ဆိုးပြီး သောင်းကျန်းတာကို ပြောနေတာလား။ အဲဒါကြောင့် နင် ဝမ်းနည်းနေတာလားဟင်"

ဘိုဘိုက ငိုချင်စိတ်ကို ထိန်းရင်း ပြန်မေးလိုက်သည်။

နန္ဒာက မျက်ရည်များ ကျလာပြီး ။



www.burmeseclassic.com

www.burmeseclassic.com



"နင် တကယ်မသိဘူးလား ဘိုဘိုရဲ့။ နင်နဲ့ ငါနဲ့က ဘဝချင်း မတူဘူးလေ။ ဒီမှာ နင်ရှိနေတာကို ဖေဖေ သိသွားပြီ။ နင့်ကို ဒီမှာ ဆက်နေခွင့်ပေးလိမ့်မယ်လို့ နင် ထင်နေလား။ နင့်ကို နှင်ပစ်ကြတော့မှာ။ အဲဒါကို နင် သိလား"

"ငါသိပါတယ်ဟာ။ နှင်ပစ်မယ်ဆိုရင်လည်း ငါ နင့်အနားက ဘယ်တော့မှ ထွက်မသွားဘူး။ ငါ နင်နဲ့အတူ ဒီအိမ်ထဲမှာပဲ အမြဲရှိနေမှာ။ အဲဒါကို နင်ယုံထားပေးနော်"

"ဟင့်အင်း ‥ ဟင့်အင်း ‥ နင် ဖေဖေ့အကြောင်းကို မသိဘူး။ ဖေဖေက နင် ဒီအိမ်မှာ မနေနိုင်အောင် လုပ်တော့မှာ"

"ဟာ ‥ ငါ မသွားဘူးဆိုရင် ဘယ်သူမှ ဘာမှ လုပ်လို့မရပါဘူးဟာ။ နင် ဘာမှ စိတ်မကောင်းဖြစ်မနေနဲ့နော် နန္ဒာ"

ဘိုဘို့အပြောကြောင့် နန္ဒာက စိတ်ဆိုးဟန်ဖြင့် ကြည့်လိုက်သည်။ လက်ထဲတွင် ကိုင်ထားသည့် ကျောက်စရစ်ခဲပန်းကြီးကို ဝွမ်းဆို ပစ်ချလိုက်သည်။ သူမ မျက်လုံးများက အငြိမ်မနေတော့ဘဲ အခန်း ပတ်ပတ်လည်ကို လျှောက်ကြည့်နေတော့သည်။

မျက်ရည်များလည်း ပိုးပိုးပေါက်ပေါက်ကျလာ၏။

"သိသားပဲ။ နင်က ငါ့ကို ခွဲသွားချင်နေတာ။ မရဘူး ‥ မရဘူး။ နင့်ကို ငါ လုံးဝမခွဲနိုင်ဘူး"

"မဟုတ်ပါဘူးဟာ။ ငါပြောတာက ဒီလိုပါ"

"ဘာဒီလိုပါလဲ ‥ မရဘူး။ နင် ငါ့အနားက ဘယ်မှ ထွက်မသွားရဘူး။ လိမ္မာပါတယ် ဘိုဘိုရာ။ ငါတို့ ထွက်ပြေးကြရ





အောင်နော်။ အီး ‥ ဟီး ‥ ဟီး ‥ ဖေဖေက ငါတို့နှစ်ယောက်ကို ခွဲတော့မှာဟ"

နန္ဒာ၏အမူအရာကြောင့် ဘိုဘို စိတ်ပူသွားပြီး ‥

"ဘယ်မှ ထွက်မပြေးပါနဲ့ နန္ဒာရယ်။ ငါပြောတာ နားထောင်ပါဦး"

"နားမထောင်ဘူး။ ငါတို့ ထွက်ပြေးကြမယ်။ ဟုတ်တယ်။ ထွက်ပြေးမှဖြစ်မယ်"

နန္ဒာက စိတ်လွတ်သွားသည့် သူရူးတစ်ယောက်နှယ် ပါးစပ်က တတွတ်တွတ်ပြောနေတော့သည်။ ထို့နောက် သူမက ဘိုဘို့လက်ကို ဆွဲကာ အခန်းထဲမှ ပြေးထွက်လိုက်သည်။

ဘယ်လိုအင်အားမျိုးတွေကြောင့် သန်မာနေမှန်းမသိသည့် နန္ဒာ့လက်တွေကြားထဲသို့ ဘိုဘို မရုန်းနိုင်ဘဲ ပါသွားသည်။

"နန္ဒာ ‥ ငါပြောတာ နားထောင်ပါဦး"

"ဟင့်အင်း ‥ ဟင့်အင်း။ ဖေဖေက ခွဲတော့မှာ။ ငါသိတယ်"

နန္ဒာက ပါးစပ်ကပြောရင်း ဧည့်ခန်းတွင်ချိတ်ထားသည့် ကားသော့ကို ဆွဲယူလိုက်သည်။ အိမ်တံခါးကိုဖွင့်ပြီး ပြေးထွက်လိုက်သည်။

ထို့နောက် ကားပေါ်တက်ကာ မောင်းထွက်လိုက်သည်။

■



www.burmeseclassic.com

www.burmeseclassic.com



နန္ဒာ၏ စက်ရုပ်ကားလေးက အနက်ရောင်ကတ္တရာလမ်းမကြီး အတိုင်း တရိပ်ရိပ်ပြေးနေသည်။ အရှိန်ကလည်း တဖြည်းဖြည်း မြန် သထက် မြန်လာသည်။ ဘေးမှ သစ်ပင်ရိပ်များက ကားအဖြတ်တွင် ဖျတ်ခနဲ ဖျတ်ခနဲ ပျောက်သွား၏။

"နန္ဒာ ‥ နန္ဒာ ‥ သတိထားပါဦးဟ။ ကားကို အရှိန်လျှော့ပါ။ ငါ တောင်းပန်ပါတယ်"

"မရဘူး ‥ မရဘူး အဝေးဆုံးကို ပြေးမှဖြစ်မယ်။ နို့မို့ဆို ဖေဖေက နင့်ကို နှင်ထုတ်တော့မှာ"

"ငါပြောပြီးပြီလေဟာ။ ငါ နင့်အနားက ဘယ်မှ ထွက်မသွား ပါဘူးလို့။ ငါပြောတာ နားထောင်။ ကားကို အရှိန်လျှော့ပါဦး ဟာ"

သူမနားထဲ ဘာကိုမှ မကြားတော့။ အရာရာ ဝေဝေဝါးဝါးနှင့်။ သူမ သိတာသည် တစ်ခုတည်း။ သူမသူငယ်ချင်း ဘိုဘိုနှင့် သူမကို ဖေဖေ ခွဲတော့မည်။ ထို့ကြောင့် ဝေးနိုင်သမျှ အဝေးဆုံးကို ပြေးရမယ်။

"ဟင့်အင်း ‥ ဟင့်အင်း ‥ ငါ နင်နဲ့ မခွဲနိုင်ဘူး ဘိုဘို။ ငါ တစ်ယောက်တည်း အထီးကျန်နေခဲ့တာ။ အခု နင့်ကို အဖော် ရမယ်တောင် မကြာသေးဘူး။ ဖေဖေက ငါတို့ကို ခွဲတော့ မယ်။ ပြေးမယ် ‥ ပြေးမယ် ‥ ဖေဖေလိုက်မလာနိုင်အောင် ဟိုးအဝေးကြီးကို ပြေးမယ်"

နန္ဒာက ပြောရင်း ကားလီဗာကို အရှိန်တင်လိုက်၏။ ကီလို မီတာ ၁၄၀ ကျော်သွား၏။ ဘိုဘို့စိတ်ထဲ ပူသထက် ပူလာသည်။ သူ့ကြောင့် နန္ဒာသာ တစ်ခုခုဖြစ်သွားရင်ဆိုသည့် သောက,က ဒီရေ





တွေလို တရိပ်ရိပ်တက်လာသည်။

"နန္ဒာ ‥ အရှိန်လျှော့ပါဦး။ နင် ဒုက္ခရောက်လိမ့်မယ်"

နန္ဒာကတော့ ဘာဆို ဘာမှ သူမနားထဲ မဝင်တော့။

"နင်ပြောတော့ ငါ့ကို ခင်တယ်ဆို။ ငါ့ကို ခင်ရင် ကားကို အရှိန်လျှော့ပါဟာ။ နန္ဒာ ‥"

နန္ဒာ၏ ကားအရှိန်က တဖြည်းဖြည်း ပိုများလာသည်။

"ဟင့်အင်း ‥ ဟင့်အင်း ‥ နင် ငါ့အနားက မထွက်သွား ရဘူး"

"ဗုံး ‥"

များလွန်းသည့်အရှိန်ကြောင့် နန္ဒာ ကားစတီယာရင်ကို ထိန်းဖို့ ပိုခက်ခဲလာပြီး ကားက ဟိုဒီ ယိုင်ထိုးနေတော့၏။

"နန္ဒာ ‥ နန္ဒာ ‥ သတိထားလေ"

"နန္ဒာ ‥"

"ဟာ ‥ နန္ဒာ"

"ဒုန်း"

"အား! ‥"

ကမ်းအကွေ့တစ်နေရာသို့ အရောက်တွင် နန္ဒာ့ကားလေးက အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးက သစ်ပင်နှင့် ဝင်ဆောင့်သွားသည်။

အရာအားလုံး တိတ်ဆိတ်လျက်။ လောကကြီးတစ်ခုလုံး အိပ် မောကျနေ၏။

■



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၀)

ဦးမိုးမြင့်က သူ့အိပ်ခန်းထဲတွင် အိပ်မောကျနေ၏။ ညသည် တိတ်ဆိတ်မှောင်မည်းလျက် အသက်ရှူသံများမှ လွဲ၍ ဘာသံမှ မကြားရ။

ထိုစဉ် လှေကားပေါ်သို့ ခြေထောက်လေးတစ်စုံ တက်လာသည်။ ထို့နောက် ဦးမိုးမြင့်၏ အခန်းထဲသို့ ပိတ်ထားသည့်တံခါးကို မဖွင့်ဘဲ ဒီအတိုင်း ထိုးဖောက်ဝင်လိုက်သည်။

ဘိုဘိုက ဦးမိုးမြင့်အိပ်ပျော်နေရာ ခုတင်ဆောသို့သွားပြီး ..





"အန်ကယ် .. အန်ကယ်"

ဦးမိုးမြင့်မှာ အိပ်မက်ထဲလိုလို အပြင်မှာလိုလိုနှင့် ဝိုးတဝါး ဖြစ်နေ၏။ သူ့ကို ခေါ်သံလိုလို ကြားလိုက်၍ မျက်မှောင်အနည်းငယ် ကြုတ်သွားသည်။

"အန်ကယ် .. အန်ကယ် .. နန္ဒာ ကားအက်ဆီးဒင့်ဖြစ်ပြီး အခု ဆေးရုံရောက်နေတယ်။ အမြန်လိုက်သွားပါ"

ထို့နောက် အသံပိုင်ရှင်က လှေကားအတိုင်း တစ်ထစ်ချင်း ဆင်းသွားသည်။ ဦးမိုးမြင့် အသေအချာတွေ့လိုက်ရတာက ဂျင်းဘောင်းဘီ အပြာရောင်အနားစနှင့် ခြေထောက်တစ်စုံ။

အိပ်မက်လိုလို တကယ်လိုလိုနှင့် ဦးမိုးမြင့် ရုတ်တရက် လန့်နိုးလာသည်။ အိပ်နေရာမှ ငုတ်တုတ်ထထိုင်ပြီး စောင်ကို ဆတ်ခနဲ ဖယ်ပြီး ခုတင်ပေါ်မှ ပြေးဆင်းလိုက်သည်။

ထို့နောက် အခန်းတံခါးကိုဖွင့်ကာ ပြေးထွက်လိုက်သည်။

သမီးဖြစ်သူ၏ အခန်းတံခါးဆီသွားပြီး တံခါးကို ဆွဲဖွင့်လိုက်ပြီး .. အခန်းထဲသို့ ပြေးဝင်ကာ ..

"သမီး .. သမီး"

ဦးမိုးမြင့်က ခုတင်ပေါ်မှ စောင်ကို သွေးရူးသွေးတန်း ဆွဲဖယ်နေ၏။ ဗလာဟင်းလင်းဖြစ်နေသော အိပ်ရာကို ကြည့်ကာ အခန်းထဲမှ ပြန်ပြေးထွက်လာသည်။ ထို့နောက် လှေကားပေါ်မှ တဒုန်းဒုန်း ပြေးဆင်းကာ အိမ်တံခါးကို ဆွဲဖွင့်ကြည့်လိုက်သည်။

ခြံထဲတွင်ရပ်ထားသည့် သမီးဖြစ်သူ၏ ကားကို မတွေ့တော့။ ဦးမိုးမြင့် စိုးရိမ်စိတ်များ ငယ်ထိပ်တက်ဆောင့်တော့၏။



www.burmeseclassic.com

www.burmeseclassic.com

"သမီး ‥ သမီး"

ပါးစပ်မှ သမီးဖြစ်သူကို ခေါ်ရင်း ဘာလုပ်ရမည်မှန်းမသိဘဲ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။

"ဒုက္ခပါပဲ ‥ သမီးရယ်"

ပါးစပ်မှ ခပ်တိုးတိုးညည်းညူလိုက်မိ၏။

ထို့နောက် အိမ်ထဲပြေးဝင်ကာ အခန်းနံရံမှ ကားသော့ကိုယူပြီး ကားကို တရကြမ်းမောင်းကာ စောစောက သူအိပ်မက်မက်သော ဆေးရုံဆီသို့ ဦးတည်လိုက်သည်။





"ကျွီ ‥"

ဆေးရုံရှေ့သို့ ရောက်သောအခါ ဦးမိုးမြင့်က ကားဘရိတ်ကို ခပ်မြန်မြန်ဖိနင်းလိုက်သည်။ ထို့နောက် ကားပေါ်မှ ကပျာကယာ ဆင်းကာ ဆေးရုံထဲသို့ ဝင်လိုက်သည်။ Reception သို့ အရောက်တွင် အပြာဝတ်နာ့စ်မတစ်ယောက်ကို တွေ့သဖြင့် ‥

"ဆရာမ ‥ စောစောက ဒီဆေးရုံကို ကားအက်ဆီးဒင့်ဖြစ်ပြီး ရောက်လာတဲ့ မိန်းကလေးတစ်ယောက်များ ရှိသလား"

သူ အလောတကြီးမေးလိုက်သည်။

"ဪ ‥‥ ဟိုဂျင်းဘောင်းဘီအပြာရောင်ဝတ်ထားတဲ့ ကောင်လေးတစ်ယောက် လာပို့သွားတဲ့ ကောင်မလေး တစ်ယောက် ထင်တယ်။ နန္ဒာမိုးမြင့်တဲ့ ဟုတ်လား"

"ဟုတ်တယ် ‥ ဟုတ်တယ်၊ သူ ဘယ်မှာလဲ၊ သူ့ကို ဘယ်မှာ ထားထားလဲဟင်"

"အဆောင် ၁ မှာပါ။ ဒီဘက်ကနေ တက်သွားလိုက်ပါနော်။ လှေကားရှိတယ်"

ဦးမိုးမြင့်က ဘာမှပင် ပြန်မပြောတော့ဘဲ ဆရာမလေး ညွှန်ပြရာဘက်သို့ အလောတကြီး ပြေးသွားလိုက်သည်။ အဆောင် ၁ သို့ ရောက်သောအခါ လူငယ်တစ်ယောက်၊ ဆရာဝန်နှင့် နာ့စ်တစ်ယောက် ရှိနေသည်။ ဦးမိုးမြင့်က ခပ်မြန်မြန်ဝင်သွားလိုက်သည်။ ခုတင်ပေါ်တွင် ပတ်တီးအဖွေးသားနှင့် လှဲနေသော သမီးဖြစ်သူကို မြင်လိုက်ရသဖြင့် ဦးမိုးမြင့်တစ်ယောက် အသည်းကြွေမတတ် ခံစားသွားရသည်။


www.burmeseclassic.com

"သမီး ‥ သမီး ‥ ဆရာ ‥ ဆရာ သမီးလေးအခြေအနေ ဘယ်လိုနေသေးလဲ ဟင် ‥ ဆရာ"

"လန့်ပြီး Shock ဖြစ်သွားတာပါ။ ခေါင်းကွဲတာကလွဲလို့ ပြင်ပဒဏ်ရာကြီးကြီးမားမား မရှိပါဘူး။ ဒါပေမဲ့ ခေါင်းကို နည်းနည်းထိသွားလို့ ဆေးရုံမှာ ၂၄ နာရီထားပြီး စောင့်ကြည့်ရဦးမယ်။ မနက်ဖြန်လောက်ဆိုရင် ဆင်းလို့ရပါပြီ။

ကဲ ‥ ဆရာမ ‥ လူနာကတော့ စိတ်ချရပါပြီ။ ဟိုဘက်အခန်းက case ကို သွားကြည့်ရအောင်"

နာ့စ်က ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် ဆရာဝန်နှင့် နာ့စ်က အခန်းထဲမှ ထွက်သွားသောအခါ ဦးမိုးမြင့်က သမီးအနားသို့ သွားကာ ‥

"သမီးရယ် ‥ ဘယ်လိုလုပ်လိုက်တာလဲ။ မသေကောင်း မပျောက်ကောင်းကွာ။ ဟင်း ‥"

ဦးမိုးမြင့်က သမီးဖြစ်သူ၏ လက်လေးကို ဆုပ်ကိုင်ပြီး သက်ပြင်းချလိုက်၏။ ထို့နောက် သူ့ဘေးတွင်ရှိနေသော လူငယ်ကို ‥

"ကျေးဇူးတင်ပါတယ် ငါ့တူရယ်။ မင်းသာ အချိန်မီမပို့ပေးရင် အန်ကယ့်သမီးလေးတော့ ဒုက္ခရောက်ပြီကွာ။ တကယ် ကျေးဇူးတင်တာပါ"

ထိုစဉ် ကြီးကြီးသန်း ရောက်လာသည်။

"အံမယ်လေး ‥ သမီးလေးရဲ့ ဘယ်လိုဖြစ်တာလဲ။ မောင်မိုး ‥ သမီးလေး ဘာဖြစ်တာလဲ ဘာဖြစ်တာလဲဟင်"





"ဆရာဝန်ပြောသွားတာတော့ ဘာမှ စိုးရိမ်စရာမရှိဘူးတဲ့ အစ်မရဲ့"

"အံမယ်လေး ‥ တော်သေးတာပေါ့ ‥ ဘုရားသိကြားမလို့ ဟယ်"

"ဟုတ်တယ် အစ်မရယ်။ ဟိုက တူလေး ကူညီပေးလို့သာပေါ့"

ဦးမိုးမြင့်က ပြောရင်း အခန်းထောင့်သို့ မကြည့်ဘဲ လက်ညှိုးထိုးပြလိုက်သည်။

"ဟင်! ဘယ်သူလဲ ငါ့မောင်ရဲ့"

"ဟိုမှာလေ အစ်မရယ်"

ဦးမိုးမြင့်က ပြောပြီး အခန်းထောင့်သို့ ကြည့်လိုက်စဉ် ‥

"ဟင် ‥ ဘယ်ရောက်သွားတာလဲ။ စောစောကလေးတင် ရှိနေပါသေးတယ်"

"မရှိပါဘူး ငါ့မောင်ရယ်။ အစ်မ ဝင်လာကတည်းက ဘယ်သူမှ မတွေ့ဘူး"

"ဗျာ ‥"

ဦးမိုးမြင့်စိတ်ထဲ ဇဝေဇဝါဖြစ်သွားသည်။ တစ်ပြိုင်နက်တည်း သူ မြင်မက်ခဲ့သည့် အိပ်မက်ကို ပြန်မြင်ယောင်ရင်း တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ ထသွားမိသည်။ ထို့နောက် တစ်စုံတစ်ခုကို နားလည်သဘောပေါက်စွာဖြင့် သမီးဖြစ်သူကို ကြည့်လိုက်မိပါတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၁)

နောက်နှစ်ရက်အကြာတွင် နန္ဒာလည်း ဆေးရုံက ဆင်းပြီး အိမ်တွင် နားနေသည်။ သူမတစ်ယောက်တည်း အခန်းထဲတွင်လှဲနေရင်း လည်ပင်းတွင် ဆွဲထားသည့် ဆွဲကြိုးလေးကို ဖြုတ်ယူလိုက်သည်။

ထို့နောက် ပုံလော့ကတ်လေးကို မြှောက်ကြည့်ရင်း သူမက တစ်စုံတစ်ခုကို တွေးနေ၏။

ထိုစဉ် ဦးမိုးမြင့် ဝင်လာသည်။

“သမီးလေး . . နေလို့ကောင်းရဲ့လား”

မေးရင်း သမီးဖြစ်သူ၏ ခုတင်စွန်းတွင် ဝင်ထိုင်လိုက်သည်။

“ကောင်းပါတယ် ဖေဖေ”

“ခေါင်းထဲကရော မူးနေသေးလား”

ဦးမိုးမြင့်က ခေါင်းလေးကို ကိုင်ကာ မေးလိုက်သည်။





“မမူးတော့ပါဘူး”

နန္ဒာက ပြောပြီး ဆွဲကြိုးလေးကိုသာ ကြည့်မြဲကြည့်နေသည်။ ဦးမိုးမြင့်က သတိထားမိသွားပြီး . .

“ဘာဖြစ်လို့လဲ သမီးလေး . . မေမေ့ကို သတိရနေပြန်ပြီလား”

နန္ဒာက ဘာမှမပြောဘဲ ငြိမ်နေပြီး ဆွဲကြိုးလေးကိုသာ မျက်စိမခွာတမ်း ကြည့်နေ၏။

“သြော် . . သမီးလေးရယ် . . မေမေက မကြာခင် ပြန်လာတော့မှာပါ သမီးလေးရဲ့”

ဦးမိုးမြင့်အပြောကြောင့် နန္ဒာက နှုတ်ခမ်းလေးတွန့်ရုံ ပြုံးလိုက်သည်။ ထို့နောက် . .

“ဖေဖေ . . ဘာတွေပြောနေတာလဲဟင်။ မေမေက သေသွားပြီပဲ ဥစ္စာ။ ဘယ်လိုလုပ်ပြီး ပြန်လာတော့မှာလဲ”

“ဟင်”

သမီးဖြစ်သူ၏စကားကြောင့် ဦးမိုးမြင့် ရုတ်တရက် အံ့ဩသွားပြီး သမီးကို အသေအချာကြည့်လိုက်သည်။ သမီး၏ မျက်နှာသည် တည်ငြိမ်နေသည်။

“သမီး . . သမီးလေး . . အားလုံးကိုသတိပြန်ရပြီ ဟုတ်လား”

ဦးမိုးမြင့်က ခြေတွေလက်တွေ တဆတ်ဆတ်တုန်သည်အထိ စိတ်လှုပ်ရှားသွားမိသည်။ သူ့ဘဝမှာ သမီးဖြစ်သူ နဂိုအခြေအနေပြန်မှ ရောက်ပါတော့မလားဟု တစ်ချိန်လုံး စိတ်ပူနေရသည်။ အခုတော့ မမျှော်လင့်ဘဲ သမီး၏ အခြေအနေကို မြင်လိုက်ရသည့်အခါ မယုံနိုင်ဖြစ်သွားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာလိုက်တာ သမီးလေးရယ်။ ဖေဖေ့ဘဝမှာ ထာဝရ ဆုံးရှုံးတော့မယ်လို့ ထင်ထားတဲ့ အရာတစ်ခုကို ရုတ်တရက် ပြန်ရလိုက်သလိုပဲ။ တကယ်ပျော်တယ်"

"ဟုတ်ကဲ့ . . သမီး ဘာမှမဖြစ်တော့ဘူး ဖေဖေရဲ့။ အားလုံးကို သတိရသွားပြီ"

ဦးမိုးမြင့်က သမီးဖြစ်သူ၏ ပခုံးလေးကို ဖက်ကာ ခေါင်းကို တဆတ်ဆတ် ညိတ်နေ၏။ ထိုစဉ် သူ့စိတ်ထဲသို့ အကြောင်းအရာတစ်ခု ဖျတ်ခနဲဝင်လာသည်။

"သမီး"

"ရှင်"

"သမီး . . ရဲ့ . . သူငယ်ချင်း ဘိုဘိုကိုရော မှတ်မိသေးလား"

နန္ဒာက ခဏစဉ်းစားဟန်နှင့် ငြိမ်သွားသည်။

"ဘိုဘို . . ဟုတ်လား။ ဘယ်သူလဲဟင် ဖေဖေ၊ သမီး မမှတ်မိဘူး"

ဦးမိုးမြင့်စိတ်ထဲ ဝမ်းသာရမလို ဝမ်းနည်းရမလို ဖြစ်သွားသည်။

"ဘယ်သူမှမဟုတ်ပါဘူး သမီးလေးရယ်၊ ထားလိုက်တော့နော်။ သမီးက အခုမှ နေကောင်းခါစဆိုတော့ အနားယူဖို့ လိုသေးတယ်။ အိပ်လိုက်ဦးနော် သမီး"

"ဟုတ်ကဲ့"

ဦးမိုးမြင့်က နန္ဒာ့ကို စောင်ခြုံပေးလိုက်သည်။

ထို့နောက် အခန်းထဲမှ ထွက်လာခဲ့တော့သည်။





အခန်းပြင်သို့ ရောက်သောအခါ . .

"ဘိုဘိုရေ . . မင်းကို ငါ ကျေးဇူးတင်တယ်ကွာ၊ တကယ်ပါ။ ငါ့သမီးလေးရဲ့အသက်ကို မင်း ကယ်တာပါ။ ငါဟာ ကျေးဇူး မသိတတ်တဲ့လူတစ်ယောက်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ မင်း . . မင်း ဒီအိမ်မှာ မနေတော့ရင် ကောင်းမယ်ကွာ။ ငါ့သမီး လေးရဲ့ အနာဂတ်အတွက် မင်းကို ငါ ရက်စက်ရမယ်၊ ငါ့သမီး လေးအပေါ်မှာ မင်း တကယ်သစ္စာရှိတယ်ဆိုရင် မင်းထွက်သွား လိုက်ပါတော့ကွာ . .

သွားလိုက်ပါတော့ . ."

ဦးမိုးမြင့်မျက်လုံးထဲမှ မျက်ရည်များ ဝေ့ဝဲလာသည်။ မမျှော် လင့်ဘဲ တွယ်နှောင်လိုက်မိသော သံယောဇဉ်ကြိုးတစ်ချောင်းကို ခပ်တင်းတင်းအဖြတ်လိုက်ရတဲ့သူတစ်ယောက်လို သူ့ရင်ထဲ ကြေကွဲနေ သည်။

သို့သော် မမျှော်လင့်ဘဲ ပြန်ရလိုက်သော သမီးလေးရဲ့ဘဝကို ဘယ်လိုနည်းနှင့်မှ ထပ်ပြီး အဆုံးအရှုံးမခံချင်သော ဖခင်တစ်ယောက် ၏ အတ္တကို သူ ရှင်သန်လိုက်ခြင်းပဲဖြစ်သည်။

■



www.burmeseclassic.com

www.burmeseclassic.com

နိဂုံး

နံနက်ခင်းသည် တိတ်ဆိတ်ငြိမ်သက်စွာ နိုးထလာသည်။ အမှောင်မပြယ့်တပြယ် အရုဏ်နံနက်ခင်း၏ အောက်တွင် ဦးမိုးမြင့် တစ်ယောက် ဝရန်တာတွင် ငြိမ်သက်စွာ ထိုင်နေလေ၏။

အရုဏ်တက်ခါစမို့ ပြာတစ်ဝက် မီးခိုးတစ်ဝက်အရောင်ရှိသော တိမ်တွေသည် ကောင်းကင်နှင့် နီးကပ်လွန်းလှသည်။

ကျေးငှက်များ၏ အော်မြည်သံနှင့်အတူ နံနက်ခင်းသည် မင်္ဂလာရှိစွာ နိုးထလာပါတော့သည်။

အေးမြသည့်လေပြည်တစ်သုတ်က ဦးမိုးမြင့်၏ မျက်နှာဆီ တိုးခတ်သွား၏။ ပတ်ဝန်းကျင်တစ်ခုလုံး အေးမြနေသလောက် ဦးမိုးမြင့်၏ ရင်ထဲတွင်တော့ ဘာကြောင့်မှန်းမသိ ပူလောင်နေသည်။





တစ်စုံတစ်ခုကို ဝမ်းနည်းနေသလို သူ့မျက်လုံးများသည် ရီဝေဆွေးမြည့်နေ၏။

အိမ်ကြီးထဲတွင်ကား သံဃာတော်များအား အရုဏ်ဆွမ်းကပ်ရန် ပြင်ဆင်နေသည့် အသံများနှင့် ဆူညံနေသည်။ ဦးမိုးမြင့်ကတော့ ထိုအသံများကိုပင် မကြားဟန် လျစ်လျူရှုကာ တစ်ယောက်တည်း ငေးမိငေးရာ ငေးနေမိတော့၏။

တဒုတ်ဒုတ်မြည်နေသည့် သူ့နှလုံးခုန်သံကိုပင် အတိုင်းသား ပြန်ကြားနေရသည်။

ထိုစဉ် ..

"ကြီးကြီးရေ .. ကြီးကြီး .. ဟိုမှာ သံဃာတော်တွေ ကြွလာနေပြီ"

ဟု အော်ပြောသည့် အေးမာ၏အသံကို ကြားလိုက်သည်။

သူ ဒိတ်ခနဲ ရင်ခုန်သွားသည်။ တစ်ဆက်တည်း အစ်မဖြစ်သူက ..

"ဟဲ့ .. မောင်မိုး .. ဒီမှာ ငေးငေးကြီး ဘာထိုင်လုပ်နေတာလဲ၊ ဟိုမှာ ဘုန်းကြီးတွေ ကြွလာပြီဟဲ့။ လာ .. လာ"

အစ်မဖြစ်သူ၏ စကားကြောင့် ဦးမိုးမြင့်က မထချင်ထချင်နှင့် ထိုင်နေရာမှ ထလိုက်ရတော့သည်။ ထို့နောက် အောက်ထပ်သို့ ဆင်းသွားလိုက်သည်။ သူရောက်သွားသည့်အချိန်တွင် သံဃာတော်ကြီးများက ခြံတံခါးအဝပင် ရောက်နေလေပြီ။

ဦးမိုးမြင့်လည်း အိမ်ရှေ့တံခါးမကြီးရှေ့တွင် တဘက်တစ်ထည်ကို ကိုင်ပြီး ငုတ်တုတ်ထိုင်နေသည်။



www.burmeseclassic.com

မကြာမီ သံဃာတော်ကြီး ၃ ပါးက အိမ်တံခါးဝသို့ ရောက်လာသည်။ ဦးမိုးမြင့်လည်း စောစောကကိုင်ထားသည့် တဘက်နှင့် သံဃာတော်ကြီးများ၏ ခြေထောက်ကို သုတ်ပေးလိုက်၏။

ထို့နောက် သံဃာတော်ကြီးများက အစ်မဖြစ်သူ လမ်းပြရာ အပေါ်ထပ်သို့ ကြွချီသွားတော့သည်။

■





ရတနာ့သုတ် ရွတ်ဖတ်သံက အိမ်ကြီးတစ်အိမ်လုံး ပျံ့လွင့်နေသည်။ ထိုအတိုင်းပင် ဦးမိုးမြင့်၏ စိတ်လည်း ပျံ့လွင့်ပြီး ယောက်ယက်ခတ်နေတော့၏။ တရားခံကို ကြိုးမိန့်ချရမည့် တရားသူကြီးတစ်ယောက်၏ မတည်ငြိမ်မှုလို သူ့အတွေးများကလည်း မရဲတရဲဖြစ်နေလေတော့သည်။

"ကြားကြားသမျှ ◦ အမျှ ◦ အမျှ ◦ အမျှ ◦ ◦ ယူတော်မူကြပါကုန်သော်"

"သာဓု ◦ ◦ သာဓု ◦ ◦ သာဓု"

အားလုံးဆီမှ သာဓုခေါ်သံက လွမ်းမောဖွယ်ရာ တညီတညွတ်တည်း ညီညီညာညာထွက်လာသည်။ ဦးမိုးမြင့်၏ ရေစက်ခွက်ကိုင်ထားသည့် လက်က ကတုန်ကယင်ဖြစ်လာပြီး ရေတချို့ ဘေးသို့ ဖိတ်စင်သွားသည်။ သို့သော် မည်သူမှ သတိမထားမိလိုက်ပေ။ ဦးမိုးမြင့်က သက်ပြင်းမှုတ်ချလိုက်သည်။ အားလုံး ပြီးစီးသွား၍ သံဃာတော်များအား ဆွမ်းကပ်ရမည့်အချိန်သို့ ရောက်လာသည်။ အစ်မဖြစ်သူက ပရိတ်ရွတ်ပြီးထားသော ဆန်မန်း၊ သဲမန်းနှင့် ပရိတ်ရေတို့ကို ဦးမိုးမြင့်အား လာပေးပြီး ◦ ◦

"ကဲ ◦ ◦ ရော့ မောင်လေး ◦ ◦ ဒါလေးတွေကို ခြံအနှံ့ လိုက်ကြဲလိုက်။ ဒါမှ မကောင်းဆိုးဝါးရှိရင် အန္တရာယ်ကင်းအောင်လို့။ အစ်မက ဟိုမှာ သမီးလေးနဲ့အတူ ဘုန်းကြီးဆွမ်းကပ်လိုက်ဦးမယ်"

ကြီးကြီးသန်းက ဦးမိုးမြင့်လက်ထဲ ထိုးထည့်ပြီး သုတ်သုတ်သုတ်သုတ်နှင့် ထွက်သွားလေသည်။

www.burmeseclassic.com



ဦးမိုးမြင့်ကတော့ လက်ထဲရောက်လာသော ဆန်မန်းများကို တွေဝေစွာ စိုက်ငေးကြည့်နေမိသည်။ ထို့နောက် သက်ပြင်းတစ်ချက် ခပ်လေးလေးချရင်း ခြံထဲသို့ ဆင်းလာခဲ့တော့သည်။

ခြံထဲရောက်သည့်အခါ လက်ထဲတွင် ဆန်တစ်ဆုပ်ကိုင်ကာ ‥ ကြဲပက်လိုက်ရင်း ‥

"ဘိုဘိုရေ ‥ သွားတော့လို့ပြောတာ နှင်ထုတ်တာ မဟုတ်ပါဘူးကွာ။ ပိုပြီးကောင်းမွန်သာယာတဲ့ ခရီးတစ်ခုကိုစဖို့ လမ်းဖွင့်ပေးလိုက်တာပါ။ မခွဲမခွာနေရတာတွေ၊ သံယောဇဉ်တွယ်တာရတာတွေကို လူတွေက မြတ်နိုးစရာလို့ထင်ပြီး တပ်မက်ကြတယ်။

တကယ်တော့ ‥ အဲဒီသံယောဇဉ်ဆိုတဲ့ စကားလုံးဟာ မီးနဲ့ရေးတဲ့ စကားလုံးပါကွာ ‥‥

သံယောဇဉ်တွေကို ဖြတ် ‥ သံယောဇဉ်တွေကို ဖြတ် ‥ ငါတို့အားလုံးဟာ အချိန်တန်ရင် ခွဲခွာရမယ့်လူတွေချည်းပါပဲကွာ"

ဟု ဦးမိုးမြင့်က တစ်လုံးချင်း တိုးတိုးလေးရေရွတ်ရင်း ဆန်မန်းတစ်ဆုပ်ကို ခပ်ဝေးဝေးသို့ ကြဲပက်လိုက်လေတော့သည်။

ထိုအချိန်မှာပင် သူ့စိတ်များက အံ့သြစရာကောင်းလောက်အောင် ငြိမ်သက်သွားသည်။ သို့သော် မျက်ရည်တစ်ပေါက်ကတော့ သူ့ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာ၏။

အရာအားလုံး ပြီးဆုံးသွားလေပြီ။

**သတိုးဓာ**



BURMESE CLASSIC
www.burmeseclassic.com